# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၃၆)


# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံး ကျရာတာဝန်ကို တက်ညီလက်ညီအားထုတ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မယ်စဲ့မြို့၌ ဒေသခံများ၊ ပြည်သူများ၊ ဌာနဆိုင်ရာများမှ အမှုထမ်း၊ အရာထမ်းများနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးသိန်းဆွေ၊ ဦးဖေဇင်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဝင်းမင်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်နှင့် ဆုတောင်းပြည့် မြို့နှာမ်ဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဘုရင်နှင့် မိဖုရားတို့အား တွေ့ဆုံ

**တိုကျို နိုဝင်ဘာ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ကျိုတိုမြို့မှ ကျည်ဆန်ရထားဖြင့် တိုကျိုမြို့သို့ ပြန်လည်ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဘုရင် အာကီဟိတိုနှင့် မိဖုရား မီချီကိုတို့အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ သွားရောက်တွေ့ဆုံရာ ဂျပန်ဘုရင်နှင့် မိဖုရားတို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား နွေးထွေးစွာကြိုဆို၍ မြန်မာ-ဂျပန် ဆက်ဆံရေးအပေါ် အလေးထားမှုများကို ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအသင်း (Japanese Business Federation Keidanren) နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း

*စာမျက်နှာ ၄ ကော်လံ ၁* ✪



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဘုရင် အာကီဟိတိုနှင့် မိဖုရား မီချီကိုတို့နှင့် တွေ့ဆုံစဉ် (ဓာတ်ပုံ - ပြန်/ဆက်)




မြန်မာ့အလင်း

# လက်တွဲညှိနှိုင်း ရှာဖွေရမည့်အဖြေ

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှရရှိသော သတင်းများအရ တိုင်းဒေသကြီးနှင့်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များထံသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စာများပေးပို့ညွှန်ကြားထားကြောင်း သိရှိရပါသည်။ အဆိုပါစာအရ စပါးဈေးကျဆင်းမှုကိုကာကွယ်ရန် လယ်သမားများထံမှ စပါးများကို အပ်ကုန်စနစ်ဖြင့် ဒေသခံဆန်စက်ပိုင်ရှင်များက ဝယ်ယူထားပေးရမည်ဖြစ်ပါသည်။ အောက်တိုဘာလ မိုးစပါးအသစ်ပေါ်ချိန်တွင် စပါးဈေးဆက်တိုက်ကျဆင်းနေ၍ ယခုကဲ့သို့ စာပို့ညွှန်ကြားရခြင်းဖြစ်ပါသည်။ လက်ရှိ စပါးပေါက်ဈေးသည် လယ်သမား အမှန်တကယ် ကုန်ကျစရိတ်ထက် နည်းနေသောကြောင့် တောင်သူလယ်သမားများသည် အခက်အခဲများ ကြုံတွေ့ရလျက်ရှိပါသည်။ ဤအခြေအနေ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ယခုကဲ့သို့ စာများပေးပို့ညွှန်ကြားခဲ့ခြင်းသည် ကြိုဆိုရမည့် ကိစ္စဖြစ်ပါသည်။

သို့သော် စပါး၌ အစိုဓာတ်ပါရှိခြင်းနှင့် အပျက်အစီးအလေအလွင့် နည်းနိုင်သမျှ နည်းပါးစေရန် သင့်တော်သောဂိုဒေါင်များ ထားရှိနိုင်ရေးသည် ဒေသခံဆန်စက်ပိုင်ရှင်များအဖို့ စိန်ခေါ်ချက်တစ်ရပ်ဖြစ်နေမည်ဟု ယူဆပါသည်။

သို့ဖြစ်ပါ၍ စပါးများကို အပ်ကုန်စနစ်ဖြင့် ကာလအတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းသိုလှောင်ရေးသည် လက်တွေ့ မည်သည့်အတိုင်းအတာအထိ ဖြစ်မြောက်နိုင်မည်ကို သုံးသပ်ပါရန် လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။

ပစ္စုပ္ပန်အခြေအနေ၏ အဓိကလိုအပ်ချက်မှာ တောင်သူလယ်သမားများ ထိုက်သင့်သော အကျိုးအမြတ်ရှိစေနိုင်မည့် နှုန်းထားဖြင့် စပါးများကို ဝယ်ယူရေးဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားအဖွဲ့အစည်းများအပါအဝင် ဆန်စပါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပါက တောင်သူလယ်သမားများ ထိုက်သင့်သောအကျိုးအမြတ်ရရှိစေနိုင်မည့် နှုန်းထားတစ်ရပ်ကို သတ်မှတ်ပေးနိုင်မည်ဟု ယူဆပါသည်။ အဆိုပါနှုန်းထားကို နိုင်ငံတော်အစိုးရက အာမခံချက် ပေးနိုင် / မပေးနိုင်ကို စီးပွားရေးပညာရှင်များအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းသုံးသပ်သင့်သည်ဟု ယူဆပါသည်။

တည်ဆဲဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ဘဏ်များ၌ အာမခံပစ္စည်းအဖြစ်ထား၍ လယ်သမားများသည် ချေးငွေရယူပိုင်ခွင့်ရှိပါသည်။ သို့သော် လက်ရှိအခြေအနေ၌ ထိုကဲ့သို့ ချေးငွေရယူခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းမရှိသေးပါ။ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘဏ်များက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို အာမခံပစ္စည်းအဖြစ် ထားခွင့်ပြု၍ ချေးငွေကျယ်ကျယ်ပြန့်ပြန့် ထုတ်ပေးနိုင်ခြင်း ရှိ / မရှိကိုလည်း သုံးသပ်ဆောင်ရွက်ပါရန် လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။

မည်သို့ပင်ဖြစ်စေ တောင်သူလယ်သမားများ အရှုံးပေါ်နေခြင်းကို ထေမိစေရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ရသည့် နည်းလမ်းတို့ကို သုံးသပ်ရမည်ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက တောင်သူလယ်သမားအဖွဲ့အစည်းများ အပါအဝင် ဆန်စပါးလုပ်ငန်းဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအားလုံး ညှိနှိုင်းတိုင်ပင်၍ အဖြေရှာဆောင်ရွက်ကြရန်ဖြစ်ကြောင်း လေးစားစွာ အကြံပြုလိုခြင်းဖြစ်ပါသည်။ ။




## မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကျင်းပ

**မြင်းမူ နိုဝင်ဘာ ၄**

မြင်းမူမြို့နယ် ပညာရေးဌာန၏ ထူးချွန်ထက်မြက်သော၊ ဉာဏ်ပညာမြင့်မားသော ကျောင်းသားလူရွယ်များ ဖြစ်ပေါ်လာရေး ရည်ရွယ်လျက် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲ ရေးဖြေစာမေးပွဲကို နိုဝင်ဘာ ၃ ရက် နံနက်က ကျင်းပခဲ့သည်။

ယခုစာမေးပွဲသို့ တန်းစဉ်အလိုက် စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ တန်းစဉ် အလိုက် (၅)တန်းမှ (၁)တန်းလျှင် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးကို ရွေးချယ်ပြီး ခရိုင်၌ကျင်းပမည့် စွမ်းရည်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ (ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

## လျှပ်စစ်သစ်သားဓာတ်တိုင်များ ယိမ်းယိုင်နေ၍ ပြုပြင်ပေးစေလို



ပုသိမ်မြို့ အမှတ် (၁) နယ်မြေ စကားဝါလမ်းနှင့် အမှတ်(၂) နယ်မြေ မင်းကြီးလမ်းနှစ်ခု ဆက်သွယ်ဖောက်လုပ်ထားသော (ထခွဲ / အလက-၃ ပုသိမ်) တည်ရှိရာ အရှေ့ ငဝန်ကျွန်းသာရပ်ကွက် ကမ္ဘာအေးစေတီလမ်း၌ ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအသုံးပြုရန် ခွင့်ပြုချက်များ ရရှိပြီးသော်လည်း စကားဝါလမ်းဘက်မှ ကွန်ကရစ်သုံးတိုင်မျှသာ စိုက်ထူပြီး ကျန်ရှိသော လမ်းအရှည် ပေ ၁၀၀၀ ခန့်ကို သစ်၊ ဝါးတိုင်များနှင့်သာ အသုံးပြုထားသဖြင့် ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် လျှပ်စစ်အန္တရာယ် စိုးရိမ်နေရကြောင်း တင်ပြအပ်ပါသည်။

**ပုသိမ်-လှကြည်**

## ကျောင်းကျန်းမာရေးဟောပြောပွဲများတွင် ဇီကာရောဂါအကြောင်း ထည့်သွင်းဟောပြော

**ညောင်လေးပင် နိုဝင်ဘာ ၄**

ကျောင်းသား လူငယ်များမှတစ်ဆင့် မိသားစု၊ မိသားစုမှတစ်ဆင့် ပြည်သူများအထိ ကျန်းမာရေးအသိကျယ်ပြန့်စေရန်နှင့် လူငယ်များ အသက်ကြီးလာသည်အထိ ဘဝတစ်လျှောက်လုံး ကျန်းမာရေးအသိဖြင့် နေထိုင်တတ်စေရန်ရည်ရွယ်၍ ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံမှ ကျောင်းကျန်းမာရေးအဖွဲ့က နိုဝင်ဘာ ၃ ရက်တွင် ကျူချောင်းအလယ်ရွာ မူလတန်းလွန်ကျောင်းနှင့် မြို့မ (၁)ရပ်ကွက် အေဘီအမ် မူလတန်းလွန်ကျောင်းတို့၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ဇီကာရောဂါအကြောင်း ထည့်သွင်းဟောပြောခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောရာတွင် ကျောင်းကျန်းမာရေးအဖွဲ့မှ ကျန်းမာရေး ဆရာမ ဒေါ်မြမြသန်းက ဇီကာရောဂါ အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေး ဆရာမ ဒေါ်မျိုးမျိုးခိုင်က ဂျပန်ဦးနှောက်ရောင်ရောဂါ အကြောင်းကိုလည်းကောင်း၊ သားဖွားဆရာမ ဒေါ်စန္ဒာဝင်းက ဆေးယဉ်ပါးတီဘီရောဂါ အကြောင်းတို့ကိုလည်းကောင်း ဟောပြောကြသည်။

“ဇီကာပိုးရပ်စ် သယ်ဆောင်ထားတဲ့ အေးဒီးစ်ခြင်ကျား နေ့ဘက်အချိန်မှာ လူကို ကိုက်ရာကနေတစ်ဆင့် ရောဂါကူးစက်တယ်။ ရောဂါပိုးရှိသူနဲ့ လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်စေပါတယ်။ ရောဂါလက္ခဏာတွေကတော့ ဖျားမယ်၊ အရေပြားပေါ်မှာ အနီအစက်တွေထွက်မယ်၊ မျက်စိနာမယ်၊ ခေါင်းကိုက်မယ်၊ ကြွက်သားနဲ့ အဆစ်တွေနာကျင်မယ်။ နောက်ဆက်တွဲ ဆိုးကျိုးအနေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဇီကာပိုးရပ်စ်ရောဂါ ကူးစက်ခံရရင်တော့ ဦးနှောက်သေးငယ်တဲ့ ကလေး မွေးဖွားလာနိုင်တယ်။ ရောဂါမဖြစ်အောင်၊ ခြင်ကိုက်မခံရအောင်နေမယ်။ ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းရေးတွေကို ကျန်းမာရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်”ဟု ကျန်းမာရေးဆရာမ ဒေါ်မြမြသန်းက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၁၁-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ ・ ၅၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ ・ ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၆၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

***ရှေ့ဖုံးမှ***

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ် မယ်စဲ့မြို့ရှိ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ကယားပြည်နယ် မယ်စဲ့နယ်စပ် ကုန်သွယ်ရေး စီမံကိန်းသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည့်ကဏ္ဍများတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး တတ်နိုင်သမျှ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ဒေသတွင်း၌ နှစ်နိုင်ငံအကြား တရားမဝင်မှောင်ခိုစနစ်ဖြင့် ကူးသန်းရောင်းဝယ်နေမှုမှ တရားဝင်ကူးသန်းရောင်းဝယ်နိုင်သည့်အခြေအနေကို ဖော်ဆောင်ပေးရန်အတွက် ကုန်သွယ်ရေးစခန်းဖွင့်လှစ်ကောင်းမွန်စေရန်အတွက် လွိုင်ကော်-မယ်စဲ့လမ်းအား အဆင့်မြှင့်တင်တိုးချဲ့ဖောက်လုပ်နေမှုနှင့် တံတားများတိုးချဲ့တည်ဆောက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံနယ်စပ်ဂိတ်မုခ်ဦး တည်ဆောက်ရေး၊ မြို့မြေတိုးချဲ့နိုင်ရေး၊ ဒေသခံပြည်သူများအိမ်ရာတည်ဆောက်ရေးအတွက် သစ်များ တရားဝင်ဝယ်ယူခွင့်ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အိမ်နီးချင်းနိုင်ငံများနှင့် တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ဝင်ထွက်သွားလာနေထိုင်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး



လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်ကို ဖူးတွေ့ရစဉ် (သတင်းစဉ်)






နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကယားပြည်နယ် မယ်စဲ့မြို့ရှိ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် (သတင်းစဉ်)

ဦးဖေဇင်ထွန်းက ဒေသတွင်း လျှပ်စစ်မီးလုံလောက်စွာရရှိရေးဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသည့်အတွက် ယခုလိုလာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲလိုအပ်ချက်များကို တတ်နိုင်သမျှ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးကလည်း ကျရာတာဝန်ကို တက်ညီလက်ညီ စိတ်စေတနာအပြည့်ဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းကမ်းတကျမှုဘောင်နှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း နိုင်ငံတော်အတွက် စေတနာထား၍ အလုပ်လုပ်ကြရန်လိုကြောင်း ပြောကြားပြီး မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းရှိ စုပေါင်းရုံးခန်းများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မယ်စဲ့မြို့၌ ဒေသခံကလေးငယ်များ၊ ပြည်သူများ၊ ဌာနဆိုင်ရာများမှ အမှုထမ်း၊ အရာထမ်းများနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အရှေ့ဘက် ၁၀ မိုင်အကွာ၌ တည်ရှိသည့် သဘာဝထုံးကျောက်လိုဏ်ဂူ (ကြွတ်ဂူ)သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ကြွတ်ဂူတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေအနီးသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်း

**နေပြည်တော် နိုဝင်ဘာ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက်မိုင် ၁၃၀ ခန့်၊ ပါရာဒစ်မြို့၏ တောင်- အနောက်တောင်ဘက် မိုင် ၂၇၀ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ အနောက်တောင်ဘက် မိုင် ၄၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် အရှေ့မြောက်ဘက်သို့ကွေ့ကာ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေအနီးသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံခရီးစဉ်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား အကျိုးရလဒ်များစွာဖြစ်ထွန်းစေ

✪ ရှေ့ဖုံးမှ

(Japan Chamber of Commerce and Industry - JCCI) တို့က The Imperial Hotel ၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာစားပွဲတွင် ဂျပန်စီးပွားရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မစ္စတာ ဆာဒါယူကီ ဆာ့ကာကီတာရာနှင့် ဂျပန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး မစ္စတာ နိဘိုကီရှိတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံမှ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ထို့နောက် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအာကီယို မီမူယာ (Dr.Akio Mimura) က မြန်မာ - ဂျပန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့က ဂျပန်စီးပွားရေး လုပ်ငန်းရှင်များမှ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်အမျိုးသား သတင်းထောက်များအသင်း (Japan National Press Club) ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ပြီး ခရီးစဉ်နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းချက်များကို





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့က တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲ၌ နှုတ်ခွန်းဆက်စကားပြောကြားစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

ဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ္တတည်းခိုသည့် ဟိုတယ်၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး မြန်မာ - ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် မစ္စတာ ယိုရှိဟိဒဲစူးဂါးက နိုင်ငံတော်ဧည့်ဂေဟာ တိုးချဲ့ခန်းမဆောင်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲတွင် မစ္စတာ စူးဂါးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်သည် မြန်မာ - ဂျပန် နှစ်နိုင်ငံအကြား အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေသည့် ခရီးစဉ်ဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ခရီးစဉ်၌ အဓိက အကျိုးရလဒ် သုံးခုရှိပါကြောင်း၊ ပထမအချက်မှာ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရသစ်အား အကူအညီပေးရန် ကတိကဝတ်များ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ ဝန်ကြီးချုပ် မစ္စတာ အာဘေးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အကြား အနာဂတ်မျိုးဆက်သစ်များ ကူးလူးဆက်ဆံမှုမြှင့်တင်ရေးကို အကောင်အထည်ဖော်ရန် အမြင်ချင်းဖလှယ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တတိယအချက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်နိုင်ခြင်းဖြစ်ပါကြောင်း၊ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံစဉ်ရရှိခဲ့သည့် သဘောတူညီချက်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ၎င်းအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ အာကီယို မီမူယာနှင့် တွေ့ဆုံစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်အမျိုးသား သတင်းထောက်များအသင်း၌ မီဒီယာများနှင့် တွေ့ဆုံစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)

## မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗိဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၃၀ခန့် ပါရာဒစ်မြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၂၇၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ အနောက်တောင်ဘက် မိုင် ၄၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက်၊ အရှေ့မြောက်ဘက်သို့ ကွေ့ကာနောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေအနီးသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျု ၁၆ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရသည်။ အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များဆိုင်ရာမူများ၊ ယန္တရားများနှင့် လက်တွေ့ဆောင်ရွက်မှုများဆိုင်ရာ ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၄

**ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များဆိုင်ရာမူများ၊ ယန္တရားများနှင့် လက်တွေ့ဆောင်ရွက်မှုများဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဖွင့်လှစ်ရာ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်မောင်ရှိန်က အဖွင့်အမှာစကားပြောကြားသည်။**




ထို့နောက် H.E. Mr. Latsamy Keomany, Chair of ASEAN Institute for Peace and Reconciliation (AIPR)၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Ms. Yyvonne Baumann နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Lee Luong Minh တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေက မိန့်ခွန်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ယခင်အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dr. Hassan Wirajuda ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနအဖွဲ့ အဖွဲ့ဝင်များ၊ AIPR အုပ်ချုပ်ရေးအဖွဲ့နှင့် အကြံပေးအဖွဲ့ဝင်များ၊ ရန်ကုန်အခြေစိုက် အာဆီယံသံအမတ်ကြီးများ၊ နော်ဝေနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းအချို့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ဆောင်ရွက်မှု အဆင့်ဆင့် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ကနဦးဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန်အတွက်မူများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်ချက်များ၊ ပဋိပက္ခ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ဟန့်တားခြင်းနှင့် ရေရှည်တည်တံ့သော အပစ်အခတ်ရပ်စဲရေး ယန္တရားများတည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စ များနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးညီလာခံ (သို့မဟုတ်) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းမှုတည်ထောင်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုများ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

---

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များဆိုင်ရာမူများ ယန္တရားများနှင့် လက်တွေ့ဆောင်ရွက်မှုများ ဆွေးနွေးပွဲမှပညာရှင်များ၏ သဘောထားအမြင်များ

**ဝင်းဝင်းမော်၊နန္ဒာဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရသစ်လက်ထက်တွင် ဦးစားပေး လုပ်ငန်းစဉ်အဖြစ် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။ (၂၁) ရာစု ပင်လုံညီလာခံနှင့်အတူ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများကို ဆက်တိုက်ကျင်းပလျက်ရှိနေသည်။ ယခု တစ်ဖန် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies) နှင့် ASEAN Institute for Peace and Reconciliation (AIPR)တို့ ပူးပေါင်းကျင်းပသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များဆိုင်ရာ မူများ၊ ယန္တရားများနှင့် လက်တွေ့ဆောင်ရွက်မှုများဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ Melia ဟိုတယ်၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး ဆောင်ရွက်မှုအဆင့်ဆင့်၌ နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသူ ပညာရှင်များကို မြန်မာနိုင်ငံ၏ လက်ရှိ အကောင်အထည်ဖော်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ယနေ့ ဆွေးနွေးပွဲအပေါ် ရှုမြင်ပုံများနှင့် ပတ်သက်၍ မြန်မာ့သတင်းစဉ်၏ မေးမြန်းချက်များအား ကောက်နုတ် စုစည်းတင်ပြလိုက်ပါသည်။



ဦးညွန့်မောင်ရှိန်
(မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ)



H.E.Mr. Latsamy Keomany
(Chair of ASEAN Institute for Peace and Reconciliation)



ဦးအောင်ကြည်
(ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်)



ဒေါ်ကြည်ကြည်လှ
(မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အဖွဲ့ဝင်)



ဒေါက်တာမင်းဇော်ဦး
(ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်)

**ဦးညွန့်မောင်ရှိန်**
**(မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ)**

အာဆီယံ ဒေသအတွင်းမှာလည်း ပဋိပက္ခတွေရှိတယ်။ ဖိလစ်ပိုင်နိုင်ငံမှာလည်း သူ့ပြဿနာနဲ့ သူရှိတယ်။ မြန်မာနိုင်ငံမှာလည်း ပဋိပက္ခတွေ ရှိနေတယ်။ အဖြေရှာတဲ့အခါ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပဋိပက္ခတွေ၊ စစ်ပွဲတွေဖြစ်တဲ့အခါ ဘယ်လိုတွေ ဖြေရှင်းကြတယ်ဆိုတာ လုပ်ကိုင်ဆောင်ရွက်နည်း အတွေ့အကြုံ ဖလှယ်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ မနှစ်က ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှာ ကျင်းပခဲ့တဲ့ ဆွေးနွေးပွဲမှာတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍကို အဓိကထားဆွေးနွေးခဲ့ကြတယ်။ ဒီနေ့ကျင်းပတဲ့ ဆွေးနွေးပွဲမှာတော့ အာဆီယံနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အတွေ့အကြုံတွေကို မြန်မာနိုင်ငံနဲ့ နှိုင်းယှဉ်ပြီးဆွေးနွေးကြမှာ ဖြစ်တယ်။ နိုင်ငံတော်မူဝါဒ ချမှတ်တဲ့နေရာမှာ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရရဲ့ နံပါတ်တစ် ဦးစားပေး လုပ်ငန်းက ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး ဖြစ်ပါတယ်။ အဲဒါတွေရမှလည်း တိုင်းပြည်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကိုမြန်မာပြည်သူ ပြည်သားတိုင်းကလည်း မျှော်လင့်နေကြတယ်။ အခက်အခဲတွေက အများကြီး ရှိတယ်။ (၂၁) ရာစု ပင်လုံညီလာခံ ကျင်းပစဉ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှာပါဝင်တဲ့ အဖွဲ့တွေရဲ့ တောင်းဆိုချက်တွေ၊ ရပ်တည်ချက်တွေက တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူကြဘူး။ အဲလို မတူညီတာတွေ ညှိရတာကိုက တော်တော်ခက်ခဲတယ်လို့ ယူဆပါတယ်။ လ၊ နှစ် ကြာချင်ကြာမယ်၊ အချိန်တော့ ပေးရမယ်။ မဆုတ်မနစ် ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။

**H.E.Mr. Latsamy Keomany**
**( Chair of ASEAN Institute for Peace and Reconciliation - AIPR )**

ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးက မျက်မှောက်ခေတ်နဲ့ အကိုက်ညီဆုံးဖြစ်တာကြောင့် ဒီဆွေးနွေးပွဲက အကျိုးရှိမှာပါ။ အဓိကက ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေ၊ လူအများ ရွှေ့ပြောင်းနေထိုင်မှုတွေက လက်ရှိ ကမ္ဘာမှာရင်ဆိုင်နေရတဲ့ ပြဿနာတွေပဲဖြစ်ပါတယ်။ ဒါတွေကို လျှော့ချနိုင်ဖို့က အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ဖို့ ကြိုးစားနေပါတယ်။ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီပါဝင်မှု၊ ကြိုးပမ်းဆောင်ရွက်မှုက အရေးကြီးတယ်လို့ ရှုမြင်သုံးသပ်ပါတယ်။ ဒီနေ့ဆွေးနွေးကြမယ့် အကြောင်းအရာတွေက အာဆီယံအဖွဲ့ဝင် နိုင်ငံတွေသာမက ဆွေးနွေးဖက်နိုင်ငံတွေရဲ့ပါဝင်ဆွေးနွေးမှုတွေက ဒေသတွင်းမှာဖြစ်နေတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အထောက်အကူပြုမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

**ဦးအောင်ကြည်**
**(ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်)**

ဒီဆွေးနွေးပွဲက အသိပညာမျှဝေပေးတာ၊ အသိပညာဖလှယ်ကြတာကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထောက်အကူအများကြီး ရရင်လည်း ရသွားနိုင်မယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အတော်ကြာသွားခဲ့ပြီဆိုတော့ ဒီလုပ်ငန်းစဉ်မှာ ပါဝင်ကြတဲ့ အစိုးရရော၊ လက်နက်ကိုင်အဖွဲ့အစည်းတွေရော အတွေ့အကြုံ တော်တော်လေးလည်းရှိနေပြီ။ အသိပညာ၊ အတတ်ပညာလည်း တော်တော်ရနေပြီဆိုတာကို တွေ့ရတယ်။ ဒီဆွေးနွေးပွဲက အထောက်အကူ ဖြစ်နိုင်သလောက်တော့ ဖြစ်လာပါလိမ့်မယ်။ လက်တွေ့ လုပ်ငန်းခွင်နဲ့ အံဝင်ခွင်ကျ ရှိ မရှိကိုတော့ ချိန်ဆရမှာဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ပြည်သူတစ်ယောက်ဖြစ်တာကြောင့် ပြည်သူတွေ အကုန်လုံး မျှော်လင့်သလို ငြိမ်းချမ်းရေးကို မျှော်လင့်တယ်။ ဖြစ်စေချင်တဲ့ စိတ်စေတနာလည်း အလွန်ပြင်းပြပါတယ်။ ဒါပေမယ့် တကယ်တမ်း လက်တွေ့လုပ်ကိုင်ကြည့်တဲ့အခါ အခက်အခဲတွေ အများကြီးရှိတယ်ဆိုတာကိုလည်း တွေ့ရတယ်။ ဒီအခက်အခဲတွေက လွယ်လွယ်ကူကူနဲ့ ဖြေရှင်းလို့ရမလား၊ မရဘူးလား ဆိုတာကိုတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာပါဝင်နေတဲ့ သူတွေရဲ့ စိတ်နေသဘောထား အပေါ်မှာလည်း မူတည်နေပါတယ်။ နောက်တစ်ခုက ဒီလုပ်ငန်းစဉ်က လက်တွေ့အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့် ကျင့်သုံးပုံ၊ ကျင့်သုံးနည်းပေါ်မှာလည်း မူတည်နေပါတယ်။

**ဒေါ်ကြည်ကြည်လှ**
**(မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အဖွဲ့ဝင်)**

ပဋိပက္ခတွေမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ဟန့်တားခြင်းနဲ့ ရေရှည်တည်တံ့သော အပစ်အခတ်ရပ်စဲရေး ယန္တရားများတည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးညီလာခံ (သို့မဟုတ်) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းမှု တည်ထောင်နိုင်ရေးခေါင်းစဉ်မှာ ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီဆွေးနွေးမှုမှာ အမြင်ချင်းဖလှယ်ကြမယ်။ ရလာတဲ့ ရလဒ်တွေကို သင့်လျော်တာ၊ ဆီလျော်တာတွေကိုယူမယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတော့ အထိုက်အလျောက်တော့ အောင်မြင်မှုရှိနေပြီ။ ဒါပေမယ့် ဆက်လုပ်ရဦးမှာပဲ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပြည်သူအများစုက အားပေးကြတယ်။ မျှော်လင့်နေကြတယ်။ ဒါကို တိုင်းရင်းသားတွေ အားလုံးက နားလည်သဘောပေါက်ပြီး စုစုစည်းစည်း ပါဝင်လာဖို့ လိုတယ်လို့ထင်ပါတယ်။ ပြည်သူတွေခံခဲ့ရတဲ့ ဆင်းရဲဒုက္ခတွေ ပြေလည်အောင်၊ အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုလုပ်ကြမလဲ၊ ဒါကို ရည်မှန်းချက်ထားပြီး ကြိုးစားရမှာဖြစ်ပါတယ်။ စေတနာမှန်ရင် လုပ်ရပ်မှန်မယ်လို့ ကျွန်မကတော့ မြင်ပါတယ်။ အတွေးအမြင်မှန်ဖို့လိုမယ်။ တစ်ယောက်ကို တစ်ယောက် စာနာထောက်ထားပြီး ကိုယ်ကျိုးမဖက်ဖို့လည်း လိုပါတယ်။

**ဒေါက်တာမင်းဇော်ဦး (ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်)**

ဒီဆွေးနွေးပွဲမှာ အခြားနိုင်ငံကသူတွေလည်း လာကြမှာဖြစ်တဲ့အတွက် အခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို ကြားသိရမယ်။ ဖလှယ်ခွင့်ရမယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားနိုင်တဲ့အပေါ်မှာ အခြေခံပြီး အဖွဲ့ ၁၇ ဖွဲ့ ပါဝင်ညှိနှိုင်းခဲ့တယ်။ ဒါဟာ တော်တော်ပြည့်စုံတဲ့ စာချုပ်လို့ ဆိုရမယ်။ ဒီစာချုပ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်သွားဖို့ ပြင်ဆင်နေကြတယ်။ တစ်ဖက်ကလည်း စာချုပ်လက်မှတ်ထိုးတဲ့ အဖွဲ့တွေနဲ့ ရှေ့ဆက်သွားဖို့ အဆင်သင့်ဖြစ်တယ်။ ဆန္ဒပြင်းပြနေကြတယ်ဆိုပေမယ့်လည်း တစ်ဖက်ကလည်း အချိန်ကလိုသေးတယ်ဆိုတဲ့ အဖွဲ့တွေလည်း ရှိနေသေးတဲ့အတွက် နှစ်ဖက်မျှအောင် ကြိုးစားပြီး ငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က အချိန်တော့ယူရလိမ့်မယ်။ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရာမှာ စိန်ခေါ်မှုတွေလည်း အများကြီးရှိမယ်။ ဘယ်လိုပဲ စိန်ခေါ်မှုတွေရှိရှိ အချို့နေရာတွေမှာ ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်မယ့် အနေအထားရှိပါတယ်လို့ ပြောချင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော် ရုံးခန်းမ၌ ကျင်းပရာ တိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော် ကိုယ်စားလှယ် ၁၁၆ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသော မေးခွန်းခြောက်ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ အဆိုကို ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးခြင်း၊ ရန်ကုန် မြို့တော်ဝန်က သဘောထား ပြန်လည်ရှင်းလင်းဆွေးနွေးပြီး သဘောထားများ ပြောကြားကြကာ အဆိုကို လွှတ်တော်က အတည်ပြုသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော် ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲအစီအစဉ်လေ့လာရန် ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ဦးဆောင်၍ ကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်း အဖွဲ့ဝင်အဖြစ် ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ အမေရိကန်ပြည်ထောင်စုတွင် ကျင်းပမည့် အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲအစီအစဉ်နှင့် သတ္တမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲအဖွဲ့အစည်းများ ညီလာခံသို့ တက်ရောက်ရန် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မောင်တောမြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ခရိုင်ဆေးရုံနှင့်ဈေးများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ

မောင်တော နိုဝင်ဘာ ၄

**မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များဖြစ်ပွားခဲ့သောကြောင့် ယာယီပိတ်ထားခဲ့ရသည့် မောင်တောမြို့ပေါ်မှ စာသင်ကျောင်းများမှာ အောက်တိုဘာ ၂၄ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ပြီး မြို့ပေါ်ရှိ ဈေးများတွင် အရောင်းအဝယ်နည်းပါးခဲ့ရာမှ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောင်းဝယ်နေကြပြီဖြစ်သည်။**



ဦးအောင်မြင့်သိန်း
ကျောင်းအုပ်ဆရာကြီး



ဒေါ်လှမေသိန်း
ကျောင်းအုပ်ဆရာမကြီး



ဒေါက်တာ
မြတ်ထွန်းခိုင်

ကျောင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နေမှုနှင့် ပတ်သက်၍ မောင်တောမြို့ အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမေသိန်းက "ဆရာမတို့ကျောင်းက မူလတန်း၊ အလယ်တန်း၊ အထက်တန်းရှိတဲ့အထဲမှာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀၀ လောက်ရှိပြီး သင်ကြားရေး ဆရာ ဆရာမ ၆၉ ယောက်ရှိပါတယ်။ ကျောင်းမှာက ကျောင်းသားများတော့ စာသင်ခန်းမလောက်တော့ စာသင်ချိန်ကို နှစ်ချိန်ခွဲပြီး သင်ကြားပေးနေရပါတယ်။ မနက်ပိုင်းက KG ကနေ တတိယတန်းအထိပါ။ နေ့လယ်ပိုင်းကတော့ စတုတ္ထတန်းကနေ ဒသမတန်းအထိပါ။ ကျောင်းရဲ့ နောက်က ခြံစည်းရိုးက ယာယီကာထားတာဖြစ်လို့ ကျောင်းသားမိဘတွေနဲ့ ဆရာ ဆရာမတွေက ခြံစည်းရိုးကာပေးစေချင်ပါတယ်" ဟု ပြောကြားသည်။

မောင်တောမြို့နယ်တွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းအပါအဝင် ကျောင်းပေါင်း ၁၈၃ ကျောင်းရှိပြီး အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မြို့ပေါ်ရှိ ကျောင်းများနှင့် ကျေးရွာအများစုမှ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း အချို့ကျေးရွာများမှ စာသင်ကျောင်းအချို့ ပြန်လည်မဖွင့်လှစ်နိုင်သေးကြောင်း သိရသည်။

"ကျွန်တော်တို့ အထက(၁)ကတော့ ပုံမှန် ကျောင်းပြန်ဖွင့်ရက်ဖြစ်တဲ့ အောက်တိုဘာ ၂၄ ရက်ကတည်းက ပြန်ဖွင့်ပါတယ်။ ကျောင်းသားတွေအားလုံးအပြည့်အစုံ ပြန်မတက်ကြသေးပါဘူး။ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၄၀ ကျော်ရှိပါတယ်။ ဆရာ ဆရာမကတော့ ၅၂ ယောက်ရှိပါတယ်။ မနေ့ကတက်တဲ့ ကျောင်းသား ကျောင်းသူ စုစုပေါင်းကတော့ ၄၀၀ ကျော်ရှိပါတယ်။ လာတဲ့ကျောင်းသားတွေကိုတော့ စာသင်ပေးနိုင်ပါတယ်။ တချို့ စိုးရိမ်တဲ့မိဘတွေက မလွှတ်ပေးသေးတာလည်းတွေ့ရပါတယ်" ဟု မောင်တောမြို့ အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းက ရှင်းပြသည်။

မောင်တောမြို့ပေါ်ရှိ ပြည်သူအများစု မှီခိုအားထားပြုနေသည့် မြို့မဈေးနှင့် ပုံကျဈေးများမှာ မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချခဲ့သော်လည်း အရောင်းအဝယ်နည်းပါးခဲ့ကာ ဈေးနှုန်းအတက်အကျ အနည်းငယ်ရှိခဲ့ရာမှ ယခုအခါ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ မြို့ပေါ်ရှိ ပုံကျဈေးမှာ တိုင်းရင်းသားအများစု ရောင်းဝယ်ကြသည့် ဈေးဖြစ်ပြီး မြို့ပေါ်နေပြည်သူများအပြင် သစ်တော၊ သာယာကုန်းစသည့် ကျေးရွာများစွာအတွက် အဓိကအားထားရသည့် ဈေးဖြစ်သည်။

"ဒီပုံကျဈေးကတော့ နံနက် ၆ နာရီလောက်ကနေ မွန်းတည့် ၁၂ နာရီလောက်အထိတော့ အရောင်းအဝယ်မပျက်ပါဘူး။ ဈေးနှုန်းအတက်အကျကတော့ လမ်းပန်းဆက်သွယ်ရေးအရ သယ်ယူ ပို့ဆောင်စရိတ်အပေါ်မှာ မူတည်ပြီး အတက်အကျရှိပါတယ်။ ဒီဈေးကတော့ ပိတ်တယ်ဆိုတာမရှိပါဘူး။ ဈေးကတော့ အမြဲဖွင့်ပေးထားပါတယ်။ အရေးအခင်းနည်းနည်းဖြစ်သွားရင် လူနည်းသွားတာနဲ့ ငြိမ်သွားရင် ပြန်များလာတာပါပဲ။ ကုန်ဈေးနှုန်း တစ်ရာ နှစ်ရာ တက်တာတော့ရှိပါတယ်။ ရောင်းတာကတော့ ခါတိုင်းလောက်တော့ မကောင်းလှဘူး။ အဆင်ပြေအောင် ရောင်းရတဲ့အဆင့်ပဲရှိတယ်။ လေးမိုင်တို့ သာယာကုန်း၊ သစ်တောတို့ဘက်က လာတာများတယ်။ အရင်တုန်းကတော့ စည်ကားတာပေါ့။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်ပိုင်း အခုတော့ တဖြည်းဖြည်းနဲ့ ပြန်စည်ကားလာပါပြီ" ဟု မောင်တောမြို့နယ် သုံးမိုင်ရပ်ကွက်မှ ဦးလှမိုးက ရှင်းပြသည်။



ဦးလှမိုး
သုံးမိုင်ရပ်ကွက်

ထို့ပြင် မောင်တောမြို့ပေါ်ရှိ ခရိုင်ဆေးရုံမှာလည်း ပုံမှန်အတိုင်း ပြန်လည် လည်ပတ်လျက်ရှိသည်။ "ဆေးရုံ ပုံမှန်လည်ပတ်မှုအတွက် အခက်အခဲတစ်စုံတစ်ရာမရှိခဲ့ပါဘူး။ အရင်တုန်းကလည်း ဒီတိုင်းပါပဲ။ အခုလည်း ဒီအတိုင်းပါပဲ။ ဆေးဝါးကုသတဲ့နေရာမှာလည်း ခွဲခြားမှုမရှိပါဘူး။ တိုင်းရင်းသားပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဆေးရုံကိုရောက်လာတဲ့လူနာဟာ ကိုယ့်လူနာလို့ပဲ သဘောထားပြီး ဆေးဝါးကုသမှုတွေပေးနေပါတယ်။ ပုံမှန်ထက်စာရင် လူနာအရေအတွက်တော့ နည်းသွားပါတယ်။ အခု အတွင်းလူနာ ၂၂ ဦး ရှိပါတယ်။ ပုံမှန်ဆိုရင် ၃၀ ကျော် ၄၀ ရှိပါတယ်။ တချို့နယ်ဘက်ကလာရမယ့် လူနာတွေက လုံခြုံရေးအရ မလာတဲ့အတွက် နည်းသွားတယ်လို့ထင်ပါတယ်။ ဆေးရုံမှာ ဆေးဝါးကုသမှုပေးနေတဲ့ ဆရာဝန်တွေအပါအဝင် ဝန်ထမ်း ၂၀ ကျော်ရှိပါတယ်။ ဆေးရုံကတော့ ခုတင် ၅၀ ဆံ့ဆေးရုံပါ" ဟု မောင်တောမြို့ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ မြတ်ထွန်းခိုင်က ရှင်းပြသည်။

**(သတင်းစဉ်)**





**မောင်တောမြို့ပေါ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ ကျောင်းဆင်းလာသည်ကို တွေ့ရစဉ် (ဝဲပုံ) နှင့် ဈေးများ၌ ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ် (အပေါ်ပုံ)**

# ရေရှည်ပြဿနာတွေကိုဖြေရှင်းနိုင်ဖို့ ဘယ်လိုနည်းနဲ့ချဉ်းကပ်မလဲဆိုတာ အရေးတကြီး စဉ်းစားရမယ့်အပိုင်းဖြစ်



အမေရိကန်သံအမတ်ကြီး
မစ္စတာ မာစီရယ်လ်



ဥရောပသမဂ္ဂ သံအမတ်ကြီး
မစ္စတာ ရိုလန်



အီဂျစ် သံအမတ်ကြီး Mr. Khaled Mohamed Abdelrahman Abdelsalam



တူရကီနိုင်ငံ သံအမတ်ကြီး
Mr. Kerem Divanliogler

● *ကျော်ဖုံးမှ*

ရခိုင်ပြည်နယ်သို့ နှစ်ရက်တာ သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် ပြုလုပ်စဉ် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**အကူအညီပေးဖို့ အစိုးရကလက်ခံခဲ့**

ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးက "ကျွန်မတို့သွားတဲ့အခါ ရွာတွေမှာ အချို့အိမ်တွေ မီးလောင်ထားတာ တွေ့ရပါတယ်။ အချို့အိမ်တွေက အခုထက်ထိ ရှိနေသေးတာ တွေ့ရပါတယ်။ အိမ်တွေမီးလောင်တယ် ဘယ်လောက်အထိ ဆုံးရှုံးတယ်ဆိုတာ မသိခဲ့ပေမယ့် လက်ရှိကျန်နေတဲ့ အိမ်တွေရှိနေသေးတာတော့ တွေ့ခဲ့ပါတယ်။ ကျွန်မတို့သွားခဲ့တဲ့ ရွာတွေမှာ ထွက်ပြေးသွားတာ သိရပေမယ့် အချို့ကလည်း ပြန်လာနေပြီဆိုတာ သိရပါတယ်။ ထွက်ပြေးသွားတဲ့သူတွေက ရွာနီးချုပ်စပ်က သူတို့နဲ့နီးစပ်တဲ့အိမ်တွေမှာ နေကြတာလည်း သိရပါတယ်။ ပြန်လာဖို့အတွက်လည်း ကြိုးစားနေကြပါတယ်။ ပြန်လာမယ့် ရွာသားတွေအတွက်ကို လုံခြုံရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေရဖို့ အစိုးရကို တိုက်တွန်းခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေကတစ်ဆင့် လူသားချင်း စာနာထောက်ထားတဲ့ အထောက်အကူတွေ ပေးဖို့ကိုလည်း အစိုးရက လက်ခံခဲ့ပါတယ်"ပြောသည်။

**ကျေးရွာတွေအကုန်လုံးကို သွားခွင့်ရခဲ့**

"အစိုးရက လုံခြုံရေးအတွက် ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်ကိုလည်း ကျွန်မတို့အနေနဲ့ ထောက်ခံခဲ့ပါတယ်။ အကြမ်းဖက်မှု၊ တိုက်ခိုက်မှုတွေဖြစ်တုန်းက စွပ်စွဲပြောဆိုမှုရှိတာတွေ၊ တိုက် ခိုက်မှုတွေအကြောင်း ကြားသိခဲ့ရပါတယ်။ အကြမ်းဖက်မှုတွေ ဘာကြောင့်ဖြစ်လာတယ်ဆိုတဲ့ မှန်ကန်တဲ့ အကြောင်းအရာတွေကို ဆက်လက်ပြီး စုံစမ်းစစ်ဆေးဖို့၊ ပွင့်လင်းမြင်သာမှုရှိအောင်လုပ်ဖို့ ကျွန်မတို့ ထောက်ခံပြောဆိုခဲ့ပါတယ်။ ကျွန်မတို့သွားခဲ့တာ နှစ်ရက်တည်းဆိုပေမယ့် ကျေးရွာတော်တော်များများကို ကျွန်မတို့ ရောက်ရှိခဲ့ပါတယ်။ ကျွန်မတို့သွားဖို့ ပြောခဲ့တဲ့ ကျေးရွာတွေအကုန်လုံးကို သွားခွင့်ရခဲ့ပါတယ်။ ကျေးရွာတစ်ရွာပဲ သွားခွင့်မရတာပါ။ ဒါကလည်း နောက်ဆုံး ကျန်တဲ့ရွာကိုသွားဖို့ ပစ္စည်းကိရိယာ၊ ရိက္ခာစတဲ့ အခက်အခဲတွေကြောင့် သွားခွင့်မရတာ"ဟု မစ္စ ရီနားတားက ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ မာစီရယ်လ်က "အခု ခရီးစဉ်ပထမဆုံးနေ့မှာ ရွာတွေကို တိုက်ခိုက်တုန်းကစပြီး တိုက်ခိုက်ခံရတဲ့ ရွာ၊ နောက် အဲဒီရွာတွေမှာ လူတွေမနေတော့ဘူး ထွက်ပြေးသွားတယ်ဆိုတဲ့ ရွာတွေကို စတင်သွားခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ ရွာသားတွေက ကျွန်တော်တို့လာမှာ ကြိုသိလို့ ထွက်လာကြပါတယ်။ နောက်ထပ် တစ်ရွာရောက်တော့ အဲ့ဒီရွာတွေက ရွာသားတွေက ထွက်ပြေးသွားခဲ့တဲ့သူတွေ မဟုတ်ပါဘူး။ သူတို့က အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုဟာ သူတို့အတွက် ကြီးကြီးမားမား ပြောင်းလဲသွားတာ မရှိဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့ မြင်တဲ့အတိုင်း၊ တွေ့တဲ့အတိုင်း တွေ့ဆုံမေးမြန်းခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီအပေါ်မှာ ကြည့်ပြီးတော့ အကြောင်းအရာတစ်ခုလုံးကိုတော့ ကောက်ချက်ချလို့မရပါဘူး"ဟု ပြောသည်။

"ကျွန်တော်တို့ ဒီလိုသွားခဲ့တဲ့ ခရီးစဉ်က ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေအတွက် ပထမဦးဆုံးချတဲ့ ခြေလှမ်းဖြစ်ပါတယ်။ နောက်ထပ်လည်း လုပ်ဆောင်စရာတွေ အများကြီးရှိပါသေးတယ်။ ဒါကတော့ လူသားချင်းဆိုင်ရာ အကူအညီပေးဖို့ အထောက်အပံ့ပေးဖို့ ဖြစ်ပါတယ်။ ရွာတွေကို သွားတယ်။ ရွာသားတွေနဲ့ စကားပြောကြည့်တဲ့အခါ တွေ့ရှိချက်က နှစ်ခုဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုရင် ဖြစ်စဉ်တွေ အကုန်လုံးက အားလုံး စွပ်စွဲထားသလို ကြီးကျယ်တဲ့ထိခိုက်မှုတွေ မရှိဘူးဆိုတာနဲ့ နောက်တစ်ခုက နယ်ခြားစောင့်တပ်ကနေ လုံခြုံရေးအကူအညီပေးတာကို ရွာသားတွေအနေနဲ့ ကြိုဆိုတယ်ဆိုတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်က ပြောသည်။

**ပထမဆုံးခြေလှမ်းအဖြစ် အလွန်အရေးကြီး**

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်က "ကျွန်တော်တို့ အခုသွားခဲ့တဲ့ခရီးက တစ်ဖက်မှာ ဘာတွေဖြစ်နေလဲဆိုတဲ့ မမြင်နိုင်တဲ့ တံခါးတစ်ချပ်ကို ဖွင့်လိုက်တာဖြစ်ပါတယ်။ ဒါဟာ ပထမဆုံးခြေလှမ်းအဖြစ် အလွန်အရေးကြီးပါတယ်။ နောက်တစ်ခုက မြေပြင်မှာ ဖြစ်နေတာကို ကျွန်တော်တို့ မြင်ဖို့၊ တွေ့ဖို့ အခွင့်အရေးပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ နယ်ခံတွေက ကျွန်တော်တို့ကို တွေ့တဲ့အခါ အင်မတန် ကျေနပ်သွားတယ်ဆိုတာ သိခဲ့ရပါတယ်။

**အဖြေတစ်ခုကို ရှာရမှာဖြစ်**

"ကျွန်တော်တို့သွားချင်တဲ့ ရွာတွေက အများကြီးဖြစ်ပေမယ့် ရွာတွေအကုန်လုံးကို သွားဖို့အတွက် အချိန်မလုံလောက်ပါဘူး။ သွားခွင့်ရတဲ့နေရာတွေက ဒေသခံတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့အတွက် အခွင့်အရေးတစ်ခု ဖြစ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် လွှတ်တော်နဲ့ တွေ့ဆုံဆွေးနွေးပြီး အခုအခြေအနေကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အခွင့်အရေးတစ်ခု ရခဲ့ပါတယ်။ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှုရှိရေးဆိုတဲ့ အကြောင်းတွေကို ကျွန်တော်တို့ ခဏခဏ ပြောခဲ့တာရှိပါတယ်။ နောက် ဒီပြဿနာရဲ့ အကြောင်းရင်းတွေ အဖြေရှာဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ သွားခဲ့တဲ့အခါ နှစ်ဖက်စလုံးက ဒုက္ခ သုက္ခတွေနဲ့ ခံစားနေရပါတယ်။ စိတ်မကောင်းဖြစ်နေတဲ့သူတွေ၊ ဘာလုပ်လို့ လုပ်ရမှန်းမသိတဲ့သူတွေ၊ ဘဝပျက်နေတဲ့သူတွေ အများကြီးတွေ့ပါတယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ အဖြေတစ်ခုကို ကျွန်တော်တို့ ရှာရမှာဖြစ်ပါတယ်"ပြောသည်။

မစ္စ ရီနားတားက "တချို့ရွာတွေမှာ စာသင်ကျောင်းတွေ ပြန်ပြီးဖွင့်နေပါပြီ။ ဆရာ ဆရာမတွေလည်း ပြန်ပြီးရောက်နေပါပြီ။ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ လိုအပ်တဲ့သူတွေရနိုင်ဖို့ အစိုးရကို အမြန်ဆုံး အကူအညီပေးဖို့ တိုက်တွန်းခဲ့ပါတယ်။ နဂိုကတည်းက အထောက်အကူပေးနေတဲ့အဖွဲ့တွေ အကြမ်းဖက်မှုတွေ မဖြစ်ခင်ကတည်းက အကူအညီပေးနေတာဆိုတော့ ဆက်ပြီးအကူအညီပေးနိုင်အောင် ပြောဆိုခဲ့ပါတယ်။

"အစိုးရအနေနဲ့ ကျွန်မတို့ကို သဘောတူညီမှုပေးတာကရှိပြီးသား လူသားချင်းစာနာမှု အထောက်အကူတွေ ဆက်ပြီးလုပ်နိုင်အောင် စပြီးပေးနိုင်ပါပြီလို့ ပြောပါတယ်။ အစိုးရကို အကြံပေးခဲ့တာက ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဖြစ်နေတဲ့ ကိစ္စတွေကို ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရအောင်လို့ ပြဿနာရဲ့အရင်းအမြစ်နဲ့ အရင်းအမြစ်တွေကို ဖော်ထုတ်နိုင်ဖို့၊ အတူယှဉ်တွဲပြီး နေထိုင်တဲ့ဒေသတွေမှာလည်း ဖွံ့ဖြိုးတိုးတက်ဖို့၊ တရားဥပဒေစိုးမိုးမှုရှိဖို့၊ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ဖို့ဆိုတဲ့ အကြောင်းအရာတွေ အစိုးရကို အကြံပေးခဲ့ပါတယ်"ဟု ပြောသည်။

**ကြီးကျယ်တဲ့ အဖြစ်အပျက်တွေဖြစ်**

ဥရောပသမဂ္ဂ သံအမတ်ကြီးက "လုံခြုံရေးတပ်သား ၁၅ ဦးလောက် အသတ်ခံရတယ်ဆိုတာ တရားဥပဒေစိုးမိုးရေးရှိနေတဲ့၊ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတစ်ခုမှာ အင်မတန်ကြီးကျယ်တဲ့ အမှုတစ်ခု ဖြစ်ပါတယ်။ ဒါကိုလည်း မေ့လို့မဖြစ်ပါဘူး။ ကျွန်တော့်အနေနဲ့က အခုဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ၊ မြေပြင်မှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ၊ အောက်တိုဘာ ၉ ရက်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ တကယ့်ကို ကြီးကျယ်တဲ့အဖြစ်အပျက်တွေ ဖြစ်ပါတယ်။ ဒီပြဿနာတွေကို လောလောဆယ် လက်ငင်းဖြေရှင်းလို့ရမယ့် အရာတွေကိုလည်း ရှုမြင်သုံးသပ်ရပါမယ်။ နောက်တစ်ခါ ရေရှည်မှာရော ဘယ်လိုဖြေရှင်းမလဲဆိုတာ ရှာရပါမယ်။ ဒါမှသာ ကျွန်တော်တို့ လူသားချင်း စာနာထောက်ထားမှု ဘက်ကကြည့်ပြီး နောက်ကို ဒီလိုပြဿနာတွေ မဖြစ်အောင် ကာကွယ်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**နိုင်ငံသူ နိုင်ငံသားတွေကပဲ လိုက်နာဖြေရှင်းရမှာဖြစ်**

"ကျွန်တော်တို့ ဥရောပသမဂ္ဂအနေနဲ့ရော၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ရော ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အင်မတန် နှိမ့်ချစွာနဲ့ ဘယ်လိုအကူအညီတွေ ဘယ်လိုဖြေရှင်းချက်တွေ ဝိုင်းပြီးပေးရင် ကောင်းမလဲဆိုတဲ့ ဝိုင်းပြီးစဉ်းစား၊ ဝိုင်းပြီးကူညီရတဲ့ အလုပ်ပဲလုပ်ရမှာ ဖြစ်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းရမယ့် အလုပ်ကတော့ နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် ဒီနိုင်ငံမှာနေတဲ့ ပုဂ္ဂိုလ်တွေ နိုင်ငံသူ နိုင်ငံသားတွေကပဲ လိုက်နာဖြေရှင်းရမှာ ဖြစ်ပါတယ်။

"ကျွန်တော်တို့သွားခဲ့တာက ပထမခြေလှမ်းပါ။ ပိတ်နေတဲ့တံခါးတစ်ချပ် ပွင့်သွားတာသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သွားခဲ့တဲ့နေရာမှာ အစိုးရက ဒီလိုကိစ္စတွေကို ဇောက်ချပြီး လုပ်မယ်။ သန္နိဋ္ဌာန်ချထားပြီး လုပ်မယ်လို့ ပြောခဲ့တာတွေလည်း တွေ့ခဲ့ရပါတယ်။ ဒါကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ အခုသွားခဲ့တဲ့ ခရီးစဉ်ကို ကြည့်လိုက်ရင် နိုင်ငံပေါင်းစုံက သံအမတ်တွေ ပါတယ်ဆိုတာကို တွေ့ခဲ့ရပါတယ်။ ဒါဟာ ဘာကိုပြောပြသလဲဆိုရင် ဒီခရီးစဉ်ဟာ ဘက်လိုက်မှု မရှိဘူးဆိုတာကို ပြောပြနေတာ ဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂ သံအမတ်ကြီးက ပြောသည်။

**အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေလုပ်ခဲ့**

မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး Mr. Kerem Divanliogler က "ကျွန်တော်တို့ အားလုံးဟာ မြန်မာနိုင်ငံရဲ့ မိတ်ဆွေတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံကို အောင်မြင်စေချင်ပါတယ်။ ဒီလိုသွားမယ် ဆိုတာကလည်း ကျွန်တော်တို့ အပြုသဘောဆောင်တဲ့ စိတ်ဓာတ်တွေနဲ့ ချိတ်ဆက်ပြီးသွားမယ်ဆိုပြီး သွားခဲ့ကြတာပါ။ အခုသွားတဲ့အခါမှာ အာဏာပိုင်တွေနဲ့ တွေ့ရတဲ့အခါ အင်မတန်ပွင့်လင်းပြီးတော့ ဖော်ရွေတဲ့၊ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ လုပ်ခဲ့ရပါတယ်။

**အထောက်အကူတွေပေးခြင်း စတင်ရမှာဖြစ်**

"ကျွန်တော်ပြောချင်တဲ့ အချက်သုံးချက် ရှိပါတယ်။ နံပါတ်တစ်က လုပ်ငန်းစဉ်က အခုမှ အစပဲရှိပါသေးတယ်။ အဆုံးမဟုတ်သေးပါဘူး။ နောက်တစ်ခုက ပွင့်လင်းမြင်သာတဲ့ အပြန်အလှန်ဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ အပြန်အလှန်ဆွေးနွေးခြင်းသည် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါမှ ကျွန်တော်တို့ အစိုးရတွေကိုလည်း မြေပြင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သတင်းပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီပြဿနာတွေကို ဖြေရှင်းရာမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူတွေ ပေးခြင်းက စတင်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ရေရှည်ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ဘယ်လိုနည်းနဲ့ ချဉ်းကပ်မလဲဆိုတာ အရေးတကြီး ပြဿနာအနေနဲ့ စဉ်စားရမယ့်အပိုင်းဖြစ်ပါတယ်"ဟု ပြောသည်။

*စာမျက်နှာ ၈ သို့*

စာမျက်နှာ ၈ သို့

**အခု ခရီးစဉ်ပထမဆုံးနေ့မှာ ရွာတွေကို တိုက်ခိုက်တုန်းကစပြီး တိုက်ခိုက်ခံရတဲ့ ရွာ၊ နောက် အဲဒီရွာတွေမှာ လူတွေမနေတော့ဘူး ထွက်ပြေးသွားတယ်ဆိုတဲ့ ရွာတွေကို စတင်သွားခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ ရွာသားတွေက ကျွန်တော်တို့လာမှာ ကြိုသိလို့ ထွက်လာကြပါတယ်။ နောက်ထပ် တစ်ရွာရောက်တော့ အဲ့ဒီရွာတွေက ရွာသားတွေက ထွက်ပြေးသွားခဲ့တဲ့သူတွေ မဟုတ်ပါဘူး။ သူတို့က အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုဟာ သူတို့အတွက် ကြီးကြီးမားမား ပြောင်းလဲသွားတာမရှိဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့မြင်တဲ့အတိုင်း၊ တွေ့တဲ့အတိုင်း တွေ့ဆုံမေးမြန်းခဲ့တာဖြစ်ပါတယ်။ အဲ့ဒီအပေါ်မှာ ကြည့်ပြီးတော့ အကြောင်းအရာတစ်ခုလုံးကိုတော့ ကောက်ချက်ချလို့မရပါ**

*စာမျက်နှာ ၇*

“လိုင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကတော့ အင်မတန်နက်နက်နဲနဲနဲ့ ဆုံးဖြတ်ရမယ့် ကိစ္စပါ။ ဒီကိစ္စကို အင်မတန်စိုးရိမ်ပူပန်နေတယ်ဆိုတဲ့အကြောင်း အစိုးရသိအောင် ပြောပြခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့က လူသားချင်းစာနာ ထောက်ထားမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား စဉ်းစားခဲ့ပါတယ်။

**စုံစမ်းစစ်ဆေးမှုတွေလုပ်**

“မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုရှိတယ်ဆိုတာ တစ်ယောက်ယောက်က ရှိတယ်လို့ စွပ်စွဲပြောဆိုလိုက်တာဖြစ်ပါတယ်။ တကယ်ရှိ၊ မရှိတော့ UN အဖွဲ့တွေရော၊ နိုင်ငံတကာအသိုင်းအဝိုင်းကပါ စစ်ဆေးနိုင်တာမရှိပါဘူး။ ကျွန်မတို့အနေနဲ့ ဝင်ပါလို့မရပါဘူး။ ရှိနေတယ်ဆိုရင်တော့ အင်မတန်စိုးရိမ်စရာကောင်းမှန်း ကျွန်မတို့သိပါတယ်။ ဒါကြောင့် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ပါလို့ တိုက်တွန်းခဲ့ပါတယ်။

**စိုးရိမ်ကြောက်လန့်နေ**

“ရွာသားတွေ ဘာကိုစိုးရိမ်လဲ၊ အိမ်တွေ မီးလောင်တာ ဘာလဲဆိုတာ နှစ်ခုပေါင်း ပြောပါမယ်။ ဘယ်နေရာမှာ ဖြစ်သလဲဆိုတာ မူတည်ပါတယ်။ အချို့နေရာတွေမှာတော့ လူ့အခွင့်အရေးချိုးဖောက်မှု အချို့ရှိတယ်။ လူတွေကို ဖမ်းဆီးထိန်းသိမ်းတာတွေ၊ အချို့နေရာတွေမှာ အိမ်တွေ မီးရှို့တာတို့ပေါ့။ ရခိုင်မြောက်ပိုင်းမှာပါ။ လုံခြုံရေးတပ်ဖွဲ့တွေ ရှိတယ်ဆိုတာတောင် ရွာသူ ရွာသားတွေ စိုးရိမ်ကြောက်လန့်နေတယ်လို့ ဆိုပါတယ်။

**ဘာမှထိခိုက်မှုမရှိ**

“နောက်တစ်ခုက တစ်နေရာကျတော့ ဒီလိုမဟုတ်ပြန်ဘူး။ လုံခြုံရေးတပ်ဖွဲ့တွေ ရှိနေတဲ့အတွက် ရွာထဲမှာပဲ နေချင်တယ်။ ဒါဟာ သူတို့အတွက် ပိုလုံခြုံစိတ်ချသလို ခံစားရတယ်။ စိတ်ထဲမှာထင်တယ်လို့ ပြောပါတယ်။ ရွာနှစ်ရွာ သုံးရွာလောက်ဆိုရင် ဖြစ်ပြီးတော့ရော၊ မဖြစ်ခင်ပါ သူတို့အတွက် ဘာမှထိခိုက်မှုမရှိဘူးလို့ ပြောကြပါတယ်။

**လွတ်လွတ်လပ်လပ်နဲ့ ကြည့်ရှုခွင့်ရ**

“ကျွန်တော်တို့သွားခဲ့တဲ့ မျက်မြင်အခြေအနေမှာ ရွာတစ်ရွာမှာ အိမ် သုံး လေးအိမ်လောက် မီးလောင်နေပါတယ်။ အထဲမှာတော့ ဘာမှမဖြစ်ဘူးဆိုတာ တွေ့ရပါတယ်။ တစ်နေရာမှာဆိုလည်း ရွာကထွက်သွားတဲ့ ရွာသူရွာသားတွေက မီးလောင်နေတဲ့အိမ်တွေဟာ ဒီထက်မကဘူး။ ပိုများတယ်လို ပြောတယ်။ တစ်ရွာလုံးကို ဝင်ကြည့်နိုင်ဖို့တော့ ကျွန်တော်တို့ အချိန်မရပါဘူး။ ကျွန်တော်တို့ စုံစမ်းစစ်ဆေးဖို့ သွားတာ မဟုတ်ပေမယ့် လွတ်လွတ်လပ်လပ်နဲ့ ကြည့်ရှုခွင့်ရတဲ့ ခရီးစဉ်ဖြစ်ခဲ့ပါတယ်။”

“လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုတွေ တစ်ရက်နှစ်ရက်နေရင် စတော့မှာဖြစ်ပါတယ်။ အသေးစိတ်ကို ထပ်ပြောပါမယ်”ဟု လူ့အခွင့်အရေးချိုးဖောက်မှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှုတို့နှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေကြားခဲ့ကြသည်။



ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များထံ သွားရောက်စဉ် UNDP မှ တာဝန်ရှိသူ နှင့် သံအမတ်ကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

# မောင်တောခရိုင်တွင် ရဲတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားပြီး လုံခြုံမှုပေးလျက်ရှိ

**မောင်တော နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် နယ်မြေလုံခြုံရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့တွင် အင်အားများ တိုးမြှင့်ထားမှုနှင့်အတူ ဒေသခံတိုင်းရင်းသားလူငယ်များကိုလည်း ဒေသန္တရရဲတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“နယ်မြေလုံခြုံရေးနဲ့ တည်ငြိမ်မှုရရှိစေဖို့ တိုင်းရင်းသားလူငယ်တွေအနေနဲ့ မိမိတို့ဒေသကာကွယ်ရေးကို ဆောင်ရွက်လိုရင် ဒေသန္တရရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ပေးမှာ ဖြစ်ပါတယ်။ ဝင်ရောက်တာဝန်ထမ်းဆောင်သူတွေအနေနဲ့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး သတ်မှတ်ထားတဲ့ သင်တန်းကို တက်ရောက်ရမှာ ဖြစ်ပါတယ်။ သင်တန်းပြီးဆုံးပါက ရဲတပ်ဖွဲ့ဝင်တစ်ဦးအနေနဲ့ လစာနဲ့ ရိက္ခာတွေ ခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အဆင့်မြင့်ရဲအရာရှိကြီးတစ်ဦးက ပြောသည်။

တိုင်းရင်းသားလူငယ်များအနေဖြင့် ဒေသန္တရရဲအဖြစ် တာဝန်ထမ်းဆောင်လိုပါက အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ လက်ခံမည်ဖြစ်ပြီး သင်တန်းကို ဝေးဝေးလံလံမသွားရဘဲ စစ်တွေမြို့သို့မဟုတ် မောင်တောမြို့မှာပင် ရဲတပ်ဖွဲ့ဝင်လေ့ကျင့်ရေးသင်တန်း များ ဖွင့်လှစ်ပေးသွားမည့်အပြင် သင်တန်းဆင်းပြီးပါကလည်း မိမိဒေသ ကျေးရွာများ၌ပင် တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။

“နယ်မြေရှင်းလင်းရေးနဲ့ လုံခြုံရေးဆောင်ရွက်ရာမှာ ပြည်သူတွေရဲ့ အသက်အိုးအိမ် ကာကွယ်စောင့်ရှောက်နိုင်ဖို့ အမြင့်ဆုံးမူဝါဒထားရှိပြီး နိုင်ငံတကာ စံချိန် စံညွှန်းနဲ့အညီ ဆောင်ရွက်နေပါတယ်”ဟု အဆိုပါ ရဲတပ်ဖွဲ့အရာရှိကြီးက ပြောသည်။

ထို့ပြင် နယ်မြေရှင်းလင်းရေးအတွက် အင်အားအသုံးပြုရာတွင်လည်း ဥပဒေနှင့် အညီဖြစ်ခြင်း၊ တာဝန်ခံနိုင်မှုရှိခြင်း၊ အချိုးအစားမျှတခြင်း၊ လိုအပ်သလောက်သာ အသုံးပြုခြင်း စသည့် အချက်လေးချက်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မောင်တောခရိုင်အတွင်း တိုင်းရင်းသားကျေးရွာများတွင် ရဲတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားပြီး အကောင်းဆုံးလုံခြုံမှုပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**



နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးကင်းချထားမှုကို တွေ့ရစဉ်

# သင်္ဃန်းကျွန်းမြို့နယ်တွင် ပလပ်ခုံအပူလွန်ကဲပြီး မီးလောင်



**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန် အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် ဦးဘသစ်လမ်း အမှတ်-၇၉၁ ဦးမောင်မြင့်-ဒေါ်စံပယ် နေအိမ်တွင် နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်က တီဗွီပလပ်သွယ်တန်းထားရာမှ ပလပ်ခုံအပူလွန်ကဲပြီး အနီးရှိ စက္ကူများပေါ်သို့ မီးပွားကျရာ မီးစတင်လောင်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၂၁ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၃၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၉ ဦးနှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၈ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ဖြစ်စဉ်တွင် နေအိမ်နှစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း ၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် နိုဝင်ဘာ ၂၀၊ ၂၁၊ ၂၂ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက် သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာ ကျောက်စိမ်းခန်းမအပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာ ၁၆ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့လည်းကောင်း၊ ၂၀၁၆ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း ၀၆၇-၄၁၄၄၉၇ ၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်၌ ပါဝင်ပတ်သက်သူများနှင့် သံသယရှိသူများအား ဥပဒေနှင့်အညီစစ်ဆေးပြီး ပါဝင်ပတ်သက်မှုမရှိသူများအား ပြန်လွှတ်ပေး

မောင်တော နိုဝင်ဘာ ၄

**ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ကျဆုံးဒဏ်ရာရရှိခဲ့ကြသည့်အပြင် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များပူးပေါင်းကာ နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ၊ အကူအညီပေးသူများ၊ ပါဝင်ပတ်သက်သူများနှင့် သံသယရှိသူများကို ဥပဒေနှင့်အညီ ရှာဖွေဖော်ထုတ်ထိန်းသိမ်းပြီး စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။**



မသက်ာ၍ ဖမ်းဆီးစစ်ဆေးနေသူတစ်ဦးကို အာမခံဖြင့် ပြန်လွှတ်ပေးစဉ်

နိုဝင်ဘာ ၂ ရက်အထိ မသင်္ကာ၍ ထိန်းသိမ်းစစ်ဆေးခဲ့မှုမှာ စစ်တွေမြို့မရဲစခန်းတွင် သုံးဦး၊ မောင်တောမြို့မရဲစခန်း၌ ငါးဦး၊ ငါးခူရနယ်မြေရဲစခန်း၌ ၄၉ ဦး၊ ပြင်ဖြူနယ်မြေရဲစခန်း၌ ၅၆ ဦး စုစုပေါင်း ၁၁၃ ဦးဖြစ်သည်။ ၎င်းတို့အနက် မောင်တောမြို့မရဲစခန်းမှ သုံးဦး၊ ငါးခူရနယ်မြေရဲစခန်းမှ ၁၅ ဦး၊ ပြင်ဖြူနယ်မြေရဲစခန်းမှ ၂၀ စုစုပေါင်း ၃၈ ဦးမှာ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း စိစစ်သိရှိရသဖြင့် ပြန်လွှတ်ပေးခဲ့သည့်အပြင် ပြင်ဖြူနယ်မြေရဲစခန်းမှ မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးနေသူ တစ်ဦးကိုလည်း အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

မသင်္ကာ၍ စစ်တွေမြို့မရဲစခန်း၌ ဖမ်းဆီးစစ်ဆေးခြင်းခံထားရသူ သုံးဦး၊ မောင်တောမြို့မရဲစခန်းမှ နှစ်ဦး၊ ငါးခူရနယ်မြေ ရဲစခန်းမှ ၃၄ ဦး၊ ပြင်ဖြူနယ်မြေရဲစခန်းမှ ၃၅ ဦး စုစုပေါင်း ၇၄ ဦးကိုမူ ရီမန်ယူ၍ ဆက်လက်စစ်ဆေးလျက်ရှိသည်။ ထိုသို့စစ်ဆေးရာတွင် နှိပ်စက်ညှဉ်းပန်းမှုမပြုလုပ်ဘဲ အိပ်ချိန်၊ စားချိန် စနစ်တကျစီစဉ်ထားရှိသည့်အပြင် စစ်ဆေးမှုအားလုံးကိုလည်း ဗီဒီယိုမှတ်တမ်းတင်ထားရှိကြောင်း သိရသည်။

ထို့ပြင် ဖမ်းဆီးစစ်ဆေးနေသူများတွင် ကျန်းမာရေးလိုအပ်ချက်ရှိပါက ဆေးကုသမှုများကိုလည်း ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ကုသစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောင်မြို့နယ် နိုရူလာရဲကင်းစခန်းရှေ့မှ အကြမ်းဖက်သမားများကိုင်ဆောင်သည့် ပစ္စတိုသေနတ်တစ်လက်နှင့် ခဲယမ်းအချို့တွေ့ရှိသိမ်းဆည်းရမိ

မောင်တော နိုဝင်ဘာ ၄

**မောင်တောမြို့မှ အလယ်သံကျော်ကျေးရွာဘက်သို့အထွက် သုံးမိုင်ခန့်အကွာရှိ နိုရူလာရဲကင်းစခန်းမှ ကင်းစောင့်ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ယမန်နေ့ညနေက ပစ်ခတ်ထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သမားများ ဆုတ်ခွာရာနေရာများကို ယနေ့နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များက ထပ်မံရှင်းလင်းစဉ် အကြမ်းဖက်သမားများ ကိုင်ဆောင်သည့် ပစ္စတိုသေနတ်တစ်လက်နှင့် ယင်းကျည်အချို့တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။**



**နိုရူလာ ကင်းစခန်းမှူး ရဲအုပ် ကျော်မြင့်အောင်**

ယမန်နေ့ ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၁ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုရူလာရဲကင်းစခန်းရှေ့သို့ အလယ်သံကျော်ရွာမှ မောင်တောမြို့ဘက်သို့ ဦးတည်မောင်းနှင်လာသော ဆိုင်ကယ် သုံးစီးဖြင့် အရပ်ဝတ်နှင့် အကြမ်းဖက်သမား ခြောက်ဦးခန့် ရောက်ရှိလာပြီး ကင်းစောင့်ရဲတပ်ဖွဲ့ နှစ်ဦးအား လက်နက်ငယ်ဖြင့် ရုတ်တရက်ပစ်ခတ်ထွက်ပြေးစဉ် ကင်းစခန်းရှိ ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်မှုကြောင့် အကြမ်းဖက်သမားအချို့ဒဏ်ရာရရှိသွားပြီး ဆိုင်ကယ်များကျန်ရှိကာ ခြေကျင်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

"ကင်းစခန်းရှေ့ကို အရပ်ဝတ်အကြမ်းဖက်သမားခြောက်ဦးက ဆိုင်ကယ်သုံးစီးနဲ့ ရောက်လာပြီး လက်နက်အတိုတွေနဲ့ အနီးကပ် စတင်ပစ်ခတ်ပါတယ်။ ကျွန်တော့်လူတွေ ထိပြီဆိုတာနဲ့တစ်ပြိုင်နက် ကျွန်တော်လည်း ကင်းစခန်းပေါ်က ချက်ချင်းတုံ့ပြန်ပစ်ခတ်ပါတယ်။ သူတို့ကလည်း ကင်းစခန်းအပေါက်ဝက တစ်ဦး၊ သစ်ပင်ဘေးက တစ်ဦးနဲ့ အခြား လေးဦးကလည်း ကျွန်တော်တို့ ကင်းစခန်းထဲကို ပစ်ခတ်ပါတယ်။ ကျွန်တော်တို့အားလုံး အမြန်ဆုံး တုံ့ပြန်ပစ်ခတ်လို့ သူတို့တွေ ဆုတ်ခွာသွားပါတယ်။ အပြန်အလှန်ပစ်ခတ်မှု ငါးမိနစ် ခန့်ကြာပါတယ်။ ဆုတ်ခွာသွားတဲ့နောက်ကို ရဲတပ်ကြပ်ကြီးထွန်းဦးက ကိုက်အနည်းငယ်အကွာထိ လိုက်လံပစ်ခတ်ရှင်းလင်းခဲ့ပြီးနောက် တပ်မတော်က ၁၀ မိနစ်ခန့်မှာ ရောက်ရှိလာပြီး ဆုတ်ခွာသွားသူတွေရဲ့နောက်ကို လိုက်လံရှင်းလင်းခဲ့ပါတယ်။ သူတို့ထဲက တစ်ဦး ဒဏ်ရာရရှိခဲ့တဲ့ သွေးကွက်တွေလည်း တွေ့ရှိခဲ့ရတယ်" ဟု နိုရူလာကင်းစခန်းမှူး ရဲအုပ်ကျော်မြင့်အောင်က ပြောသည်။



အဆိုပါဖြစ်စဉ်တွင် ကင်းစောင့်တာဝန်ကျရဲတပ်ဖွဲ့ဝင် ရဲဒုတပ်ကြပ်တစ်ဦး ကျဆုံးခဲ့ပြီး တပ်ကြပ်တစ်ဦးမှာ ရုပ်ထိဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကာ ရန်သူများဘက်မှ ဒဏ်ရာရရှိသွားသည့် သွေးကွက်များစွာကိုလည်း တွေ့ရှိခဲ့သည်။ ရန်သူ့ထံမှ ဆိုင်ကယ် သုံးစီး၊ ပစ္စတိုသေနတ်ထည့် အိတ်ခွံ လေးခု၊ သော့ချိတ်ခါတ်မီးငယ် သုံးခု၊ သံဖြတ်ကိရိယာ (Cutter) နှစ်ခု၊ နာရီခါတ်ခဲ သုံးလုံး၊ လက်လုပ် မီးလောင်ဗုံး ခါတ်ဆီပုလင်း တစ်လုံးနှင့် ပစ္စတိုကျည်ခွံ ၁၃ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ယနေ့နံနက် ၇ နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ရဲကင်းစခန်းရှေ့ကို ထပ်မံရှင်းလင်းစဉ် မြက်တောအတွင်းမှ USA စာတန်းပါ ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည်ကပ် နှစ်ခု၊ ကျည်ဆန် ငါးတောင့်နှင့် ကျည်ခွံ သုံးခုတို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိချေမှုန်းနိုင်ရေး တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများထံမှ သိမ်းဆည်းရမိသော ပစ္စည်းများ**
(သတင်းစဉ်)

# မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှစွန့်လွှတ်ထားသော မြင်းလွတ်ရွာသစ် ရဲကင်းစခန်းဟောင်းအား မီးရှို့ဖျက်ဆီးမှုဖြစ်ပွား

**မောင်တော နိုဝင်ဘာ ၄**

မောင်တောမြို့နယ် မြင်းလွတ်မြို့ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ စွန့်လွှတ်ထားပြီး တပ်စွဲထားခြင်းမရှိသော မြင်းလွတ်ရွာသစ် ရဲကင်းစခန်းဟောင်းအား ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများ၊ ၎င်းတို့နှင့်ပတ်သက်သူများက မီးရှို့ဖျက်ဆီးမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် သက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းအိပ်ဆောင်ဟောင်း နှစ်လုံး၊ သက်ငယ်မိုး ထမင်းချက်တဲတစ်လုံးနှင့် သဲအိတ်ဖြင့် ပြုလုပ်ထားသော ဘန်ကာတစ်ခုတို့ မီးလောင်ခဲ့ပြီး ညနေ ၃ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါရဲကင်းစခန်းမှာ အောက်တိုဘာ ၁၁ ရက်မှစ၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ တပ်စွဲခြင်းမပြုတော့ဘဲ စွန့်လွှတ်ထားသော ရဲကင်းစခန်းဟောင်းဖြစ်ပြီး ၎င်းအနီးတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ စွန့်လွှတ်ထားသော မြင်းလွတ်ရွာသစ် ရဲကင်းစခန်းဟောင်းအား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်**

# နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး မိမိကိုယ်မိမိခွင့်မလွှတ်နိုင်ဟု ပက်ပြောကြား

**ဆိုးလ် နိုဝင်ဘာ ၄**

အုပ်ချုပ်ရေးယန္တရားအား ဝါးမျိုခဲ့သည့် နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး တောင်ကိုရီးယားသမ္မတ ပက်ဂွန်ဟေး၏ နိုဝင်ဘာ ၄ ရက် တောင်းပန်မှုတွင် ၎င်းအနေဖြင့် စိတ်ထိခိုက်ကြေကွဲနေရကြောင်း၊ အစိုးရရှေ့နေများစုံစမ်းမှုတွင် ၎င်းအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မိတ်ဆွေဟောင်းတစ်ဦးပါဝင်သည့် နိုင်ငံရေးအရှုပ်တော်ပုံဂယက်သည် သူ့အားလွှမ်းမိုးခဲ့ကာ မဲဆန္ဒရှင်များ၏ ထောက်ခံမှုသည်လည်း ၁၂ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအောက်သို့ကျဆင်းခဲ့ကြောင်း နိုဝင်ဘာ ၄ ရက်ထုတ် စစ်တမ်းတစ်ရပ်အရ သိရသည်။

သတင်းထောက်များအားပြောကြားသော ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပက်က အစိုးရရှေ့နေများအနေဖြင့် ရှင်းရှင်းလင်းလင်းလုပ်ဆောင်သင့်ကြောင်း၊ သူအပါအဝင် အရှုပ်တော်ပုံတွင် ပါဝင်သူများကိုလည်းကျူးလွန်သည့်အပြစ်အတိုင်းလုပ်ဆောင်သင့်ကြောင်း၊ အပြစ်တွေ့ရှိခဲ့ပါက တာဝန်အတိုင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောခဲ့သည်။

ဝမ်းနည်းမှုများနှင့် ညပေါင်းတာရှည်ဖြစ်ခဲ့ကြောင်း၊ မိမိကိုယ်မိမိခွင့်လွှတ်ရန်ပင်ခက်ခဲကြောင်း အသက် ၆၄ နှစ်ရှိ ပက်က အသံများ တုန်တန်ယင်ယင်ဖြင့် ပြောခဲ့သည်။

ပက်အနေဖြင့်စုံစမ်းသူများ၏ မေးခွန်းကိုဖြေကြားရန်ငြင်းဆန်ခြင်းရှိ၊ မရှိအပေါ် ရိုက်တာ၏မေးမြန်းလာမှုကို အစိုးရရှေ့နေများက တစ်စုံတစ်ရာမှတ်ချက်ပြုပြောဆိုခြင်းမရှိသေးပေ။

ပက်၏သူငယ်ချင်းဟောင်းဖြစ်သူ အသက် ၆၀နှစ်ရှိ ချိုင်ဆွန်ဆီသည် ရင်းနှီးမှုကိုအကြောင်းပြုကာ နိုင်ငံရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်သည်ဟု စွပ်စွဲခံထားရကြောင်း သိရသည်။ ၎င်း၏ရှေ့နေက သူ့အနေဖြင့် အစိုးရရှေ့နေများက စာရွက်စာတမ်းများကို မလျော်ကန်သောနည်းလမ်းများဖြင့်ရရှိခဲ့ခြင်း ရှိ၊ မရှိနှင့် အဖွဲ့အစည်းနှစ်ခုထံမှ တရားဥပဒေမဲ့စွာ အကျိုးအမြတ်ရယူခဲ့ခြင်းရှိ၊ မရှိတို့နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်သည်ဟု ခန့်မှန်းရကြောင်း ပြောခဲ့သည်။

တစ်စုံတစ်ယောက်သောသူများက အကျိုးအမြတ်ယူပြီး တရားဥပဒေနှင့်မလျော်ညီသောလုပ်ရပ်များကို ကျူးလွန်သည်ဟု



ပြောခြင်းအပေါ် အလွန်တရာ နောင်တရမိကြောင်း၊ နိုင်ငံ၏စီးပွားရေးနှင့် ပြည်သူများ၏ဘဝကို ကူညီရန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပက်က ချိုင်ကိုရည်ညွှန်းလျက် ပြောဆိုခဲ့သည်။ သမ္မတပက်အနေဖြင့် ရာထူးမှဆင်းပေးရန် အများပြည်သူနှင့် ဆန့်ကျင်ဘက်နိုင်ငံရေးအဖွဲ့အစည်းများ၏တိုက်တွန်းမှုများနှင့် ရင်ဆိုင်နေရသည်။ **(ရိုက်တာ)**

# အီရတ်တပ်ဖွဲ့များ မိုဆူးလ်အရှေ့ဘက်ရှိ ပြည်နယ်များကို ပြန်လည်သိမ်းယူ



**မိုဆူးလ် နိုဝင်ဘာ ၄**

အိုင်အက်စ် အကြမ်းဖက်သမားတို့၏ မိုဆူးလ်ခံစစ်မြေပြင်တွင် အီရတ်အထူးတပ်ဖွဲ့ဝင်များက ထိုးစစ်ကို အရှိန်မြှင့်လိုက်ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။ အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးအဖွဲ့မှ အရာရှိတစ်ဦးက အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့(CTS) များလည်း အဓိက စစ်ဆင်ရေးများကို ဆင်နွှဲနေကြောင်း ပြောခဲ့သည်။

နိုဝင်ဘာ ၃ ရက်က မိုဆူးလ်အရှေ့ဘက်ရှိဒေသလေးခုတွင် (CTS)တပ်ဖွဲ့ဝင်များအနေဖြင့် တိုက်ပွဲများကို ဆင်နွှဲခဲ့ပြီး တိုက်ဂရစ်မြစ်ရိုးတစ်လျှောက် တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

မိုဆူးလ်အရှေ့ဘက်ဒေသများမှ မီးခိုးလုံးများကောင်းကင်ပေါ်သို့ တက်သွားသည်ကို ရုပ်သံဖိုင်များတွင် တွေ့ရမည်ဖြစ်သည်။

အီရတ်ပုံမှန်တပ်ဖွဲ့များနှင့် အထူးတပ်ဖွဲ့များ၊ ရှီးယိုက်ပြည်သူ့စစ်များ၊ ကာ့ဒ်တိုက်ခိုက်ရေးသမားများ၊ အမေရိကန်ထောက်ခံအခြားတပ်ဖွဲ့များသည် မိုဆူးလ်မြို့ကို ပြန်လည်ရရှိရေးအတွက် လွန်ခဲ့သောနှစ်ပတ်ကတည်းက ထိုးစစ်ဆင်နွှဲမှုများ ပြုလုပ်ခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် အိမ်နီးချင်း ဆီးရီးယားဒေသ အတော်တော်များများကို ထိန်းသိမ်းထားသော်လည်း မိုဆူးလ်မြို့သည် စစ်သွေးကြွများ ထိန်းချုပ်ရာ အကြီးဆုံးမြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချပြီး နိုင်ငံရေးဆူပူမှုဖြစ်စေသော ၂၀၀၃ ခုနှစ် အမေရိကန်ကျူးကျော်စစ်စကတည်းက အီရတ်ရှိမိုဆူးလ်မြို့အား ပြန်လည်ရရှိရေးထိုးစစ်ဆင်နွှဲမှုသည် အခက်ခဲဆုံးနှင့် ရှုပ်ထွေးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

နေရာအတိအကျ မသိရသော အိုင်အက်စ်ခေါင်းဆောင် ဘဂ္ဂဒါဒီက နိုဝင်ဘာ ၃ ရက် ရေဒီယိုသတင်းစကားတွင်အိုင်အက်စ်အကြမ်းဖက်သမားများအနေဖြင့် မိုဆူးလ်ထိုးစစ်ဆင်နွှဲမှုတွင် ဆုတ်ခွာသွားမည် မဟုတ်ကြောင်း၊ ၎င်းတို့အနေဖြင့် ၎င်းတို့၏တပ်မှူးများအပေါ် သစ္စာရှိမှုကို ပြသရန်လိုအပ်ကြောင်း ပြောခဲ့သည်။

မိုဆူးလ်မြို့တွင် လူဦးရေ ၁ ဒသမ ၅ သန်းကျော်နေထိုင်လျက်ရှိပြီး ရက်စက်မှုများ၏ဒဏ်ကို ခါးစည်းခံနေရကြောင်း သိရသည်။ ကုလသမဂ္ဂကဖြစ်ပေါ်လာနိုင်သော လူသားချင်းဆိုင်ရာ ဘေးဒုက္ခများကို မီးမောင်းထိုးပြနေသော်လည်း အိုင်အက်စ်တို့အနေဖြင့် အရပ်သားများကို လူသား ဒိုင်းများအဖြစ် အသုံးပြုနေကြောင်း အီရတ်အရာရှိများက ပြောခဲ့သည်။

**(ရိုက်တာ)**

# လစ်ဗျားကမ်းခြေ၌ ဒုက္ခသည်များလိုက်ပါလာသော လှေပျက်၍ လူရာကျော်သေဆုံး



**လစ်ဗျား အောက်တိုဘာ ၄**

လစ်ဗျားကမ်းခြေတွင် ဒုက္ခသည်များစွာလိုက်ပါလာသည်ဟု ယူဆရသည့် လှေနှစ်စင်းသည် မုန်တိုင်းမိ၍ တိမ်းမှောက်ခဲ့ရာ ဒုက္ခသည် ၂၀၀ ကျော်ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ အီတလီကမ်းခြေ လင်ဖယ်ဒူဆာသို့ အသက်ရှင်လွတ်မြောက်လာသည့် ဒုက္ခသည်များက အဆိုပါဖြစ်စဉ်အား ပြန်ပြောပြခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ကာလော့တာဆမီက ပြောကြားခဲ့သည်။ ရေနစ်မြုပ်သေဆုံးသူ ၁၂ ဦးတို့၏ အလောင်းများကို ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ကိုဖြတ်၍ အန္တရာယ်များသည့် ခရီးကိုသွားလာနေကြသည့် ဒုက္ခသည် ၄၂၀၀ ကျော်တို့ လမ်းခရီး၌ အသက်စွန့်ခဲ့ ရကြောင်း နိုင်ငံတကာဒုက္ခသည်အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူ လီယိုနတ် ဒွိုင်လီက ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ်သည် စွန့်စားသွားလာသူဒုက္ခသည်တို့ အသေအပျောက် အများဆုံးနှစ်တစ်နှစ်ဖြစ်နိုင်ကြောင်း ကုလသမဂ္ဂက သတိပေးပြောကြားခဲ့သည်။ ၂၀၁၅ခုနှစ်က ပင်လယ်ဖြတ်ကျော်သူ တစ်သန်းကျော်ရှိခဲ့ပြီး ယခုနှစ်အတွင်း ၃၃၀၀၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

# တူရကီတွင် ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့ကို ထောက်ခံသူ ပူးတွဲခေါင်းဆောင်နှစ်ဦးအား ထိန်းသိမ်း

**အန်ကာရာ နိုဝင်ဘာ ၄**

တူရကီရှိ ကာ့ဒ်မျိုးနွယ်စု အတိုက်အခံပါတီကို ထောက်ခံသူခေါင်းဆောင်နှစ်ဦးအား အခြားသော ပါလီမန်အဖွဲ့ဝင်အချို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဆီလာဟာတင်ဒီမာတက်စ်နှင့် ဖီဂျင်ယွတ်ဆက်ဒက်တို့ကို အကြမ်းဖက်မှုနှင့် ဆက်စပ်သည့် ကိစ္စရပ်များအတွက် စုံစမ်းစစ်ဆေးမှုပြုရန် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးအင်အားစုများ၏ ပြောဆိုမှုကိုကိုးကားလျက် အနာဒိုလူသတင်း အေဂျင်စီက ဖော်ပြခဲ့သည်။

ပြည်သူ့ဒီမိုကရေစီပါတီ (HDP)မှ ပါလီမန်အဖွဲ့ဝင်ကိုးဦးကိုလည်း စုံစမ်းစစ်ဆေးရန် ဖမ်းဆီးထိန်းသိမ်းသွားခဲ့ကြောင်းသိရသည်။ အချိန်အနည်းငယ်ကြာပြီးနောက် တူရကီအရှေ့တောင်ပိုင်းတွင် ပေါက်ကွဲမှုများ ဖြစ်ပွားမှုများရှိ ခဲ့ကြောင်း သတင်းပေးပို့မှုများ ရရှိခဲ့သည်။

မစ္စတာဒီမာတက်စ်အားဖမ်းဆီးထိန်းသိမ်းခဲ့ရာ ဒီရာဘာကာ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ လူနာတင်ကားများ ရောက်ရှိလာခဲ့သည်။ မစ္စတာ ဒီမာတက်စ်သည် ၎င်း၏တွစ်တာအကောင့်၌ ၎င်းဖမ်းဆီးခံရကြောင်း ရေးသားခဲ့ပြီးနောက် တွစ်တာအသုံးပြုခြင်းမှ ပိတ်ပင်ခံခဲ့ရသည်။

**( ဘီဘီစီ)**



# ငန်းအကောင် ၂၀၀ ကျော်အား အဆိပ်ခတ်သတ်သူကို ဖမ်းဆီး

**ပေကျင်း နိုဝင်ဘာ ၄**

တရုတ်နိုင်ငံမြောက်ပိုင်းရှိ မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတွင် လူခုနစ်ဦးအား ငန်းအကောင် ၂၀၀ ကျော်ကို အဆိပ်ခတ်သတ်ခဲ့မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ရဲအဖွဲ့သည် သံသယရှိသူများအား ကိုးရက်ကြာရှာဖွေခဲ့ပြီးနောက်တွင် ပေကျင်းနှင့်တီရန်ကျင်းမြို့တွင်လည်းကောင်း၊ ကျီလင်နှင့် ဟီဘေးပြည်နယ်တို့တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း ဇန်ဂလန်ဘန်နာရှိ သတင်းထုတ်ပြန်ရေးရုံးအဖွဲ့မှ သိရသည်။

အဆိပ်ခတ်ခံရသည့် ငန်းများကို အောက်တိုဘာလနှောင်းပိုင်းတွင် ဇန်ဂလန်ဘန်နာဒေသရှိ ကန်တစ်ခုအတွင်း၌ သေဆုံးလျက်တွေ့ရှိခဲ့သည်။ ငန်းသေများအား စစ်ဆေးစမ်းသပ်မှုပြုလုပ်ခဲ့ရာ ပိုးသတ်ဆေးတစ်မျိုးဖြစ်သည့် ကာဗွန်ဖျူရမ် အဆိပ်မိပြီး သေဆုံးခဲ့ကြောင်း သိရသည်။ ငန်းများအားအဘယ့်ကြောင့် အဆိပ်ခတ်သတ်ခဲ့ကြောင်းကို သိရှိနိုင်ရေးစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်၌ စက်ရေတွင်းနှင့် ရေလှောင်ကန်များလှူဒါန်းလျက်ရှိ




**ရှာငံ နိုဝင်ဘာ ၄**
ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)က မြန်မာနိုင်ငံနေရာဒေသ အနှံ့အပြားရေရှားပါးသော နေရာဒေသများ၌ စက်ရေတွင်းများ တူးဖော်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးရွာ၌ စက်ရေတွင်းနှစ်တွင်း၊ ရေဂါလန် ၂၀၀၀ ဆံ့ ရေကန်တစ်ကန်၊ ကျွန်းကြီးရွာ၌ စက်ရေတွင်းနှစ်တွင်း၊ ရေဂါလန် ၂၀၀၀ ဆံ့ ရေကန်တစ်ကန်တို့ကို တူးဖော်လှူဒါန်းခဲ့သည်။

မြို့ကြီးရွာရှိ အိမ်ခြေ ၅၅၀ လူဦးရေ ၃၁၀၀ခန့်နှင့် ကျွန်းကြီးရွာရှိ အိမ်ခြေ ၄၃၅ အိမ်၊ လူဦးရေ ၂၀၀၀ ခန့်နှင့် ကျွဲ၊ နွား၊ ဆိတ် စသည့် တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ပြီဖြစ်သည်။ ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြား စက်ရေတွင်းတူးရန်အလွန်ခက်ခဲသည့် ဒေသများတွင်လည်း စက်ရေတွင်းပေါင်း ၁၈၀ တွင်းကို တူးဖော်ပေးခဲ့ပြီး ၁၃၈တွင်း အောင်မြင်ကာ ဆက်လက်၍လည်း စဉ်ဆက်မပြတ်တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းခံနေကြရသော မြန်မာနိုင်ငံသား ၂၂၉၄ ဦးကို အောက်တိုဘာလအတွင်းက ဖောင်ဒေးရှင်း၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံသို့ စင်းလုံးငှားလေယာဉ်များဖြင့် အခမဲ့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန် တစ်ဦးလျှင် လမ်းစရိတ်ငွေကျပ်တစ်သိန်းစီကိုလည်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ယခင်ကလည်း မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာလုပ်သားဒုက္ခသည် စုစုပေါင်း ၃၁၀၀ ကျော်၊ အိန္ဒိယနိုင်ငံ (Port Blair)တွင် အခြေအနေအရပ်ရပ်ကြောင့် ရောက်ရှိနေကြသော မြန်မာလုပ်သားဒုက္ခသည် ၅၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းတွင် လူကုန်ကူးခြင်းခံခဲ့ရပြီး အဓမ္မကျွန်ပြုခိုင်းစေခံခဲ့ရသော မြန်မာလုပ်သားဒုက္ခသည် ၅၁၄ ဦး စုစုပေါင်း မြန်မာနိုင်ငံသားဒုက္ခသည် ၄၃၀၀ ကျော်ကို MAI စင်းလုံးငှားလေယာဉ်များဖြင့် အမိမြန်မာနိုင်ငံသို့ စရိတ်ငြိမ်း အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့်အပြင် လိုအပ်သော ငွေကြေးပံ့ပိုးကူညီမှုများကိုလည်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများရှိ စစ်ဘေးရှောင်ပြည်သူများအတွက် အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိ ခေါင်းစွပ်ပါ အနွေးထည်နှစ်သိန်းကို ပြည်ပမှ မှာယူခဲ့ပြီး ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါ စစ်ဘေးရှောင်ပြည်သူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့် ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့တွင် ရောက်ရှိနေသော စစ်ဘေးရှောင်ပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများ၊ အမျိုးသမီးဂေဟာနှင့် ချင်းလူမျိုးများ နေထိုင်ရာ ကျေးရွာများအတွက် သွားရောက်လှူဒါန်းခဲ့ပြီး ကျန်ရှိနေသေးသော အအေးလွန်ကဲနိုင်သည့် ဒေသများသို့ အချိန်မီအဆက်မပြတ် လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ၂၀၁၆ခုနှစ် ဇွန်လမှစ၍ ယနေ့အထိ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုသို့ အလှူငွေကျပ်သိန်း ၁၀၀၀စီဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း လောက်ကိုင်ဒေသ၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်များအား ဖော်ထုတ်ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ မီဒီယာများနှင့်တွေ့ဆုံရှင်းလင်း

**လားရှိုး နိုဝင်ဘာ ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး ရဲရန်အောင်ခန်းမ၌ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီခွဲအချိန်က လောက်ကိုင်ဒေသ၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်များအား ဖော်ထုတ်ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပသည်။

**ဖြစ်စဉ်(၁)**

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း လောက်ကိုင်ဒေသ၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်များနှင့် ပတ်သက်၍ ဖမ်းဆီးဖော်ထုတ်ရမိမှုများနှင့် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအား လားရှိုးမြို့ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ရှင်းလင်းပြောကြားရာတွင် ဖြစ်စဉ်များအလိုက် ဖြစ်စဉ်(၁)မှ ၂၀၁၆ ခုနှစ် ဩဂုတ် ၂ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်တွင် လောက်ကိုင်မြို့ ရပ်ကွက်(၃) ရင်ဖုန်းလမ်း လဝကရုံးရှေ့ရှိ တာပိုချီလျှပ်စစ်ပစ္စည်းဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးပေါ်မှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အခင်းဖြစ်ချိန် ဖြတ်သန်းမောင်းနှင်လာသော ယာဉ်အမှတ် KK/ 4884 (CROW) အမျိုးအစား(အနက်ရောင်) ယာဉ်ပေါ်တွင် လိုက်ပါလာသော ကျား၊ မ ရှစ်ဦး၊ ဖြစ်စဉ်အနီးရှိ ကောင်းမြတ်ကျော်ကားဝပ်ရှော့မှ ကျားတစ်ဦး၊ ပန်းရန်လုပ်သားတစ်ဦးတို့သည် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြပြီး ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် တာပိုချီလျှပ်စစ်ပစ္စည်းဆိုင်၏ အဆောက်အအုံ မျက်နှာစာနှင့် လျှပ်စစ်ပစ္စည်းများပျက်စီးခြင်း၊ ဆိုင်ရှေ့လေကာမှန်များကွဲကြေပျက်စီးခြင်း ဖြတ်သန်းမောင်းနှင်လာသော ယာဉ်အမှတ် KK/4884(CROW) အမျိုးအစား (အနက်ရောင်) ပျက်စီးခြင်း၊ ဆောက်လက်စခြောက်ထပ်တိုက် ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်ရှိ လေကာမှန်များ ကွဲကြေပျက်စီးခြင်း၊ JLM အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့်ဖြစ်၍ လောက်ကိုင်မြို့မရဲစခန်း(ပ) ၂၂/၂၀၁၆ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၈၆/၃၂၆/၄၂၇ ဖြင့် အမှုဖွင့်ထားရှိခဲ့ကြောင်း။

**ဖြစ်စဉ်(၂)**

ဖြစ်စဉ်(၂)မှ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက် ညနေ ၅ နာရီ မိနစ်၄၀တွင် လောက်ကိုင်မြို့ တံချိန်ရပ်ကွက်(၁) တံချိန်နယ်မြေရဲစခန်း အရှေ့တောင်ဘက် သုံးဖာလုံခန့်တွင် ကော်တုံ(၁)လမ်းနှင့်(၂)လမ်းကြား ယုန်ပေါင်လမ်းအနီး မြေကွက်အမှတ် (၁/၁၂၁)နေအိမ်ရှေ့တွင် ရပ်ထားသောယာဉ်အမှတ် KK/ 5128 (REVO) အမျိုးအစားနှစ်ခန်းတွဲ (အဖြူရောင်)ယာဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့မှုတွင် အမျိုးသားနှစ်ဦးမစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်တစ်စီးလုံးပျက်စီးခဲ့ကာ ငွေကျပ်သိန်း ၁၅၀ ခန့်၊ ယာဉ်အနီးရပ်တန့်ထားသော သိန်းဝ၏ MARK II (အနက်ရောင်) ယာဉ်မှာပေါက်ကွဲစထိမှန် မီးဟတ်ပျက်စီးခဲ့သဖြင့် ငွေကျပ်သိန်း ၈၀ ခန့် ပျက်စီးဆုံးရှုံးခဲ့၍ တံချိန်နယ်မြေရဲစခန်း (ပ) ၆/၂၀၁၆ ရာဇသတ်ကြီး ၂၈၆/၃၂၆/၄၂၇ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း။

**ဖြစ်စဉ်(၃)**

ဖြစ်စဉ်(၃)မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ည ၈ နာရီ ၅ မိနစ်ခန့်က လောက်ကိုင်မြို့ အရှေ့မြောက်ဘက် ရန်လုံကျိုင်းကျေးရွာအနီးတစ်ဝိုက်တွင် ပေါက်ကွဲသံတစ်ချက်စီ ထွက်ပေါ်ခဲ့သဖြင့် အခင်းဖြစ်ရာနေရာသို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်



နံနက် ၆ နာရီခွဲတွင် တပ်မတော်က ပူးပေါင်းသွားရောက်ရှင်းလင်းခဲ့ရာ ရန်လုံကျိုင်းကျေးရွာ မြောက်ဘက်မီတာ ၄၀၀ ခန့်အကွာ မြန်မာ-တရုတ်နယ်စပ်အနီး ခန့်မှန်းမြေပုံညွှန်း (MG-806226)နေရာတွင် စိုက်ထူထားသော အမြင့် ၁၅ မီတာ၊ အချင်းတစ်ပေခန့်ရှိ ကွန်ကရစ်ဓာတ်တိုင်အောက်ခြေမှပြတ်၍ မြေပေါ်သို့ လဲကျလျက်ရှိကြောင်း၊ ခန့်မှန်းမြေပုံညွှန်း (MG-801262)နေရာတွင် စိုက်ထူထားသော အမြင့် ၁၅ မီတာ၊ အချင်းတစ်ပေခန့်ရှိ ကွန်ကရစ်ဓာတ်တိုင်အောက်ခြေ သုံးပေခန့်အကွာမှ ပြတ်၍ မြေပေါ်သို့လဲကျခြင်းမရှိဘဲ ထောင်လျက်ရှိကြောင်းတွေ့ရှိရပြီး ယင်းဓာတ်တိုင်နှစ်တိုင် ကျိုးပြတ်ခြင်းသည် (TNT) ယမ်းအမျိုးအစားဟု ယူဆရသောယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဒေသခံ ကိုးကန့်ရဲတပ်ဖွဲ့ဝင်များနှင့် မိမိအမာခံသတင်းပေးများမှတစ်ဆင့် သတင်းစတင်ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ရပ်ကွက်(၁) တံချိန်ကော်တုံလမ်းသွယ် ကားဗုံးပေါက်ကွဲ ဖြစ်စဉ်နှင့် ဆက်စပ်သည့် မသင်္ကာဖွယ်ရာ သံသယရှိသူများ သတင်းကိုရရှိသဖြင့် ခရရ(လောက်ကိုင်)၊ သတင်းရဲတပ်ဖွဲ့၊ စရဖတပ်ဖွဲ့တို့မှ ပူးပေါင်းသတင်း တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

သတင်းများဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့တို့သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲခန့်က ရန်လုံကျိုင်းစစ်ဆေးရေးဂိတ်အနီး သတင်းအရ ရှာဖွေရာ သံသယရှိသူ ကျန်ကျားကျယ်(ခ)စိတိ(ခ)ကျော်ရင်(၂၃နှစ်) ကိုးကန့်ဗုဒ္ဓ(ကျပန်း)၊ ကားမိုင်းကျေးရွာ ကွမ်းလုံမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖော်ထုတ်**

ကျန်ကျားကျယ်အား ပဏာမစစ်ဆေးချက်အရ အမှုနှင့်ဆက်နွှယ်မှုရှိသူများကို ထပ်မံဖော်ထုတ်ရရှိသဖြင့် ည ၆ နာရီခွဲခန့်တွင် ရပ်ကွက်(၁) ရှင်ဖုတံတားအနီး ဆောက်လုပ်ဆဲနေအိမ်အဆောက်အအုံအတွင်း ပန်းရန်အလုပ်သမားများ နေထိုင်သည့်အခန်းအတွင်း လီကော်ကျွင်း(ခ) ရှောင်လီ(၁၇နှစ်)၊ ဝမ်လောက်ဖူး(၁၅နှစ်)၊ လွမ်းဟောင်(ခ) ကွေ့ပေါင်(၁၉နှစ်)တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထပ်မံ၍ ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက်(၁) တံချိန် ကော်တုံ(၂)လမ်းတွင် ရန်ကျားဟု(ခ) ရန်အဲ ငှားရမ်းနေထိုင်သည့် အခန်းအား ည ၇ နာရီ ၁၅ မိနစ်တွင် ဝင်ရောက်ရှာဖွေရာ ရန်ကျားဟု (ခ) ရန်အဲ (၃၄နှစ်)နှင့် လီကျိန်ကျင်း(ခ) လောက်ကျွင်း(၂၉)နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား ပဏာမစစ်ဆေးချက်အရ ကျန်ကျားကျယ်သည် ၂၀၁၆ ခုနှစ် ဩဂုတ် ၂ ရက်တွင် လောက်ကိုင်မြို့ ရပ်ကွက်(၃) အနော်ရထာလမ်း၊ ကိုထိုက်ဝပ်ရှော့အနီး ဆိုင်ကယ်ဖြင့် လမ်းဘေးဗုံးထောင်ဖောက်ခွဲဖြစ်စဉ်တွင် ဗုံးတပ်ဆင်ထားသည့် ဆိုင်ကယ်ကို ပေါက်ကွဲသည့်နေရာ၌ ထားရှိရာတွင် ပါဝင်ခဲ့ကြောင်းနှင့် ရပ်ကွက်(၁) တံချိန်မြို့ ကော်မင်လမ်းသွယ်(၂) ကားဗုံးဖောက်ခွဲဖြစ်စဉ်တွင် လက်လုပ်ဗုံးအား တပ်ဆင်ရာတွင် ပါဝင်ခဲ့ကြောင်း လီကော်ကျွင်း(ခ)ရှောင်လီသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ရန်လုံကျိုင်းစစ်ဆေးရေးဂိတ်အနီး လျှပ်စစ်တာဝါတိုင် ဖောက်ခွဲမှုဖြစ်စဉ်တွင် မိုင်းသယ်ဆောင်ဖောက်ခွဲခဲ့သူ လောက်စန်းအား ဆိုင်ကယ်ဖြင့်သွားရောက်ပို့ဆောင်ခဲ့ကြောင်းနှင့် ဩဂုတ် ၂ ရက် ကိုထိုက် ဝပ်ရှော့အနီး ဆိုင်ကယ်ဖြင့် လမ်းဘေးဗုံးထောင်ဖောက်ခွဲမှုဖြစ်စဉ်တွင် စောင့်ကြည့်သူအဖြစ် ပါဝင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် တံချိန်မြို့ ကားဗုံးဖောက်ခွဲမှုဖြစ်စဉ်တွင် လက်လုပ်ဗုံးအား ပေါက်ကွဲမီးလောင်ခဲ့သည့် REVOယာဉ် (အဖြူရောင်)၏ နောက်ခန်းတွင်ထားရှိရာ၌ ပါဝင်ခဲ့ကြောင်း၊ ရန်ကျားဟု(ခ)ရန်အဲသည် ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၃ ရက် ကားဗုံးဖောက်ခွဲမှုဖြစ်စဉ်တွင် ဗုံးဖောက်ခွဲရန်အတွက် Remote Control ကို ခလုတ်နှိပ်ဖောက်ခွဲခဲ့သူဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ကျန်မသင်္ကာ၍ ဖမ်းဆီးခဲ့သော ဝမ်လောက်ဖူး၊ လီကျိန်ကျင်း (ခ)လောက်ကျွမ်းတို့နှစ်ဦးမှာ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက် တံချိန် ကားဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ လက်လုပ်ဗုံးပြုလုပ်ရာ၌ မြင်တွေ့ခဲ့သူများဖြစ်ကြောင်း လွမ်းဟောင်(ခ)ကွေ့ပေါင်အနေဖြင့် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း အတူနေထိုင်သူဖြစ်သည့်အတွက် ဖြစ်စဉ်ကို အနည်းငယ်သာသိရှိထားသူဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

**ထွက်ပြေးတိမ်းရှောင်နေ**

၎င်းတို့အားလုံးအား စစ်ဆေးချက်အရ ဗုံးထောင်ဖောက်ခွဲမှုကို စီစဉ်သူမှာ လောက်ကိုင်မြို့ ရပ်ကွက်(၁) တံချိန်နေ ကွမ်းတုံဆိုသူနှင့် နောက်ကွယ်မှ အမိန့်ပေးခိုင်းသူမှာ မိုင်းလားမြို့နေ ရန်ကွယ်ချန် ဆိုသူဖြစ်ကြောင်း၊ လက်ရှိ မသင်္ကာ၍ ဖမ်းဆီးထားသူများမှာ ကွမ်းတုံ၏စေခိုင်းချက်အရ လုပ်ဆောင်သူများဖြစ်ကြောင်း ဗုံးပေါက်ကွဲသူများ၏နောက်ကွယ်မှ စီစဉ်ခဲ့သူ ကွမ်းတုံမှာ တံချိန်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း လောက်ကိုင်မြို့မှ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်စဉ်များ သင်္ကာမကင်းသူ ကျန်ကျားကျယ်ပါ ခြောက်ဦးတို့အား လောက်ကိုင်မြို့မ ရဲစခန်း(ပ) ၂၂/၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၂၈၆/၃၂၆/၄၂၇ ဖြင့် သက်သေခံပစ္စည်းများသိမ်းဆည်းခြင်း၊ ကျန်ရှိနေသော ရဲလုပ်ငန်းများဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိကြောင်းတို့အား ရှင်းလင်းပွဲ၌ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးထံမှ သိရှိရသည်။

**ဟန်ဌေး(လားရှိုး)**

# တာချီလိတ်သို့သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၂၅၀၀တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကျိုင်းတုံ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တန်ဖိုးငွေကျပ်သိန်း ၂၅၀၀တန်ဖိုးရှိ ICE မူးယစ်ဆေးဝါးများကို ယနေ့မွန်းလွဲ ၁ နာရီခန့်က ဖမ်းဆီးရမိကြောင်း သိရသည်။

အမှတ် (၂၈)ကျိုင်းတုံ မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ဇော်ဇော်ဝင်း ဦးစီးပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၁ နာရီခန့်က ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နောင်ဖာ ရဲကင်းရှေ့၌ သတင်းအရစောင့်ဆိုင်းနေစဉ် မိုင်းယန်း-မိုင်းခတ်-ကျိုင်းတုံလမ်းအတိုင်း ယာဉ်မောင်း စိုင်းလုအွန် မောင်းနှင်လာသည့် ပရိုဘောက်ယာဉ် SHAN-FF/---- ကို စစ်ဆေးရာ ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် တစ်ထုပ်လျှင် တစ်ကီလိုပါ ICE မူးယစ်ဆေးဝါး ၁၀ ထုပ် (ဒေသတန်ဖိုး ငွေကျပ်သိန်း ၂၅၀၀) နှင့် တရုတ် ယွမ်ငွေ ၁၀၀၀ ကို ဖမ်းဆီးရမိသည်။

အဆိုပါမူးယစ်ဆေးဝါးများကို အထူးဒေသ-၂ မိုင်းဖျန်မြို့မှ တာချီလိတ်သို့ သယ်ဆောင်ခ ထိုင်းဘတ်ငွေ နှစ်သိန်းခွဲဖြင့်သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ သယ်ဆောင်ခိုင်းသူမှာ တာချီလိတ်သို့သွားနှင့်ပြီဖြစ်ကြောင်း သိရပြီး ယာဉ်မောင်း စိုင်းလုအွန်အား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# လိုင်စင်မဲ့အရက်များ သိုလှောင်ထားစဉ် ဖမ်းဆီးရမိ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့သည် ဦးယုဝေ (၅၆ နှစ်) နယူးစတိုးဆိုင်နှင့် အမှတ် (၄) ရပ်ကွက် သီရိဝန်း အခန်းအမှတ် (၂၄) တို့အား နိုဝင်ဘာ ၂ ရက် ညနေပိုင်းက ဝင်ရောက်စစ်ဆေးရာ နယူးစတိုးဆိုင်မှ ပြည်တွင်းဖြစ်နှင့် နိုင်ငံခြားဖြစ်အရက်မျိုးစုံ၊ ဘီယာမျိုးစုံနှင့် ဝိုင် စုစုပေါင်း ၂၅ မျိုးကို လည်းကောင်း၊ နေအိမ်တိုက်ခန်းအတွင်း ဆက်လက်ရှာဖွေရာ ပြည်တွင်းဖြစ်နှင့် နိုင်ငံခြားဖြစ် အရက်မျိုးစုံ၊ ဘီယာမျိုးစုံနှင့် ဝိုင် စုစုပေါင်း ၂၄ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၇၀၀ ဖိုးခန့်ရှိ လိုင်စင်မဲ့အရက်များ ဖမ်းဆီးရမိသည်။ လိုင်စင်မဲ့အရက်များအား တရားမဝင်ရောင်းချသူ ဦးယုဝေအား မြို့နယ်ရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဘီးလင်း၌ အရှိန်မထိန်းနိုင်သည့်ယာဉ် တံတားအားဝင်တိုက်

ဘီးလင်းမြို့နယ်၌ ကျောက်ရေတွင်းကျေးရွာရန်ကုန်-မော်လမြိုင်သွား ကားလမ်း မိုင်တိုင်အမှတ်(၁၂၃/၇) နှင့် (၁၂၄/၀) ကြားအရောက်တွင် လမ်းယာဘက်တံတား အမှတ် (၃/၁၂၄၃) အား နိုဝင်ဘာ ၄ ရက် နံနက် ၄ နာရီက မော်တော်ယာဉ်တစ်စီး ဝင်တိုက်မိ၍ တိမ်းမှောက်ကြောင်းသိရသည်။

ကျိုက်ထိုဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်းသက်မင်းနိုင် (၂၇ နှစ်) မောင်းနှင်လာသည့် 4L/---- အဖြူရောင်ယာဉ်သည် ကျောက်ရေတွင်းကျေးရွာ နောင်ရိုးကြံစိုက်ခင်း အရှေ့တံတားအားဝင်တိုက်ပြီး ယာဉ်ပေါ်ပါခရီးသည် အမျိုးသား လေးဦး၊ အမျိုးသမီး ၂၂ ဦးတို့ ထိခိုက်ဒဏ်ရာရရှိထားကြောင်း၊ ဒဏ်ရာရရှိသူများအား ဘီးလင်းဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ဒေါ်ချိုစန်း (၃၅ နှစ်) ကံကောင်းကျေးရွာ ခရမ်းမြို့နယ်နေသူမှာ သေဆုံးခဲ့သည်။ ယာဉ်မောင်းအား အမှုဖွင့်အရေးယူနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်မြို့နယ်တွင် ယာဉ်တစ်စီး တိမ်းမှောက်



**အင်းတော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စက်တောကျေးရွာအနီးတွင် ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် နံနက် ၄ နာရီခန့်တွင် အင်းတော်မြို့နယ် မဲဇာရဲကင်းစခန်းမှူး ရဲအုပ်စိုးလှိုင်နှင့်အဖွဲ့သည် ယာဉ်တိမ်းမှောက်သည့် သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနားလမ်း စက်တောကျေးရွာအနီး မိုင်တိုင်အမှတ်(၁၂၈/၃)(၁၂၈/၄) အကြားတွင် ယာဉ်မောင်း ကျော်ကျော်ဝင်း (၅၆နှစ်) မြရိပ်နန္ဒာမြို့သစ် မန္တလေးမြို့နေသူ မောင်းနှင်လာသောယာဉ်သည် ချောင်းကူးတံတားအနီးတွင် တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါ လူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိသော်လည်း ယာဉ်ပေါ့ဆစွာ မောင်းနှင်သူ ကျော်ကျော်ဝင်းအား အရေးယူထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ပုသိမ်မြို့၌ ယာဉ်တိုက်မှုဖြစ်

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျောက်ဖျာခုံးတံတားအနီးတွင် နိုဝင်ဘာ ၂ ရက် ညသန်းခေါင်ယံတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ်(၇၁/၁) နှင့် (၇၁/၂) ကြား ကျောက်ဖျာခုံးတံတားအနီးတွင် ရန်ကုန်ဘက်မှ ပုသိမ်ဘက်သို့ ယာဉ်မောင်း အောင်လေး (၃၇နှစ်) ပိုက်သောင်ရွာ ဒါးကအုပ်စု ကန်ကြီးထောင့်မြို့နေသူ မောင်းနှင်သော မော်တော်ယာဉ်သည် ရှေ့မှလားရာတူ လှိုင်မင်းထက်(၂၄နှစ်) အမှတ်(၁) ရပ်ကွက် ကျောင်းကုန်းမြို့နေသူ စီးနင်းလာသည့် စက်ဘီးအား ဝင်ရောက်တိုက်မိပြီး စက်ဘီးတိမ်းမှောက်သွားကာ လှိုင်မင်းထက်တွင် ဒဏ်ရာများရရှိသွားသဖြင့် ယာဉ်မောင်းအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ထောင်မှထွက်လာသူ ဆိုင်ကယ်နှင့်ဖုန်းလုယက်မှု ကျူးလွန်

လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာတွင် အင်းစိန်ထောင်မှထွက်လာသူတစ်ဦးက နိုဝင်ဘာ ၁ ရက်ည ၇ နာရီက ဆိုင်ကယ်လုယက်မှုနှင့် ဖုန်းလုယက်မှုတို့ကျူးလွန်ခဲ့ပြီး ထိုသို့ကျူးလွန်မှုမတိုင်မီအချိန်ပိုင်းက အဆိုပါရှော့ပ်ဟောက်တန်းရှိ တရုတ်စားသောက်ဆိုင်တွင် စားသောက်ပြီး ငွေမရှင်းဘဲ လူတစ်ဦး၏လည်ပင်းအား ခေါက်ဆွဲစားသောတူဖြင့်ထောက်ကာ ကားသော့ကို တောင်းယူခဲ့ကြောင်း သိရသည်။

ယင်းနေ့ညပိုင်းက လုယက်မှုဖြင့် ထောင်မှထွက်လာသည့် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာတွင် နေထိုင်သော အသက်(၂၅နှစ်)ခန့်ရှိ ကရင်လေးဆိုသူက နဝဒေးရှော့ပ်ဟောက်တန်းနဝဒေးအိမ်ရာနေ ကမ္ဘာဂိတ်ပေါက်အနီးတွင် အလုပ်မှပြန်လာသည့် အမှတ်(၇) ရပ်ကွက် သစ္စာလမ်းတွင်နေထိုင်သော ကိုလင်း(၂၉နှစ်)အား ဆိုင်ကယ်ကိုနောက်မှဆွဲပြီး မျက်နှာကိုလက်ဖြင့်ရိုက်ကာ ဆိုင်ကယ်ကိုလုပြေးသွားသဖြင့် မလှမ်းမကမ်းရှိဆိုင်ကယ်ဂိတ်မှ ကယ်ရီသမားများကို အကူအညီတောင်း၍ အမှတ် (၆)ရဲကင်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့ပြီး လုယက်သူနောက်သို့လိုက်ကြရာ မူလဆိုင်ကယ်အလုခံရသောနေရာနှင့် ပေ ၁၀၀ ခန့်အကွာ လမ်းအကွေ့တွင် ခါးတွင် ဖုန်းထိုးထားသော ဆိုင်ကယ်စီးလူငယ်တစ်ဦးထံမှ ဖုန်းကိုထပ်မံလုယက်ခဲ့သည်။

ဆိုင်ကယ်လဲကာ လူငယ်နှင့်ထိုးကြိတ်ပြီး ဆိုင်ကယ်ဦးခေါင်းပိုင်းကို ထုနှက်ဖျက်ဆီးကာ ထွက်ပြေးသွားကြောင်း သိရသည်။

ထိုသို့ ဆိုင်ကယ်နှင့် ဖုန်းလုယက်မှုမဖြစ်မီနာရီပိုင်းက အဆိုပါနဝဒေးရှော့ပ်ဟောက်တန်းရှိ ရွှေညော်သည်တည်းခိုခန်း ရှေ့တွင်ရှိသော တရုတ်စားသောက်ဆိုင်တွင် စားသောက်ပြီး ငွေမရှင်းဘဲ တရုတ်တစ်ဦး၏လည်ပင်းအား ခေါက်ဆွဲတူဖြင့်ထောက်ကာ ကားသော့အားတောင်းနေသောကြောင့် အနီးရှိလူများက ဝိုင်းဝန်းတောင်းပန်သဖြင့် အပြင်သို့ထွက်သွားကာဆိုင်ကယ်နှင့် ဖုန်းလုယက်မှု ထပ်မံဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လုယက်မှုကျူးလွန်ခဲ့သော ကရင်လေးအား လိုက်လံဖမ်းဆီးနေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်စိုးက နိုဝင်ဘာ ၂ ရက်တွင် ပြောကြားပြီး ဆိုင်ကယ်လုယက်မှုဖြစ်ပြီးနောက်ပိုင်း အမှတ်(၆)ရပ်ကွက်ရှိ နေအိမ်သို့ပြန်ကာ ဓားနှစ်လက်ယူ၍ အပြင်သို့ထွက်သွားကြောင်း သိရသည်။ (၁၆၄)

# မြေပုံမြို့နယ် ဓာတ်တောင်ရှိ ကံထူးကံသာစေတီအနီး၌ ဗုံးသီးဟောင်းနှစ်လုံးတွေ့ရှိ

**မြေပုံ နိုဝင်ဘာ ၄**

မြေပုံမြို့နယ် ခေါင်းဖြူအုပ်စု ကံသာကျေးရွာတွင် ဓာတ်တောင်ရှိ ကံထူးကံသာ ကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏသိရီဦးဆောင်ပြီး ကျေးရွာသူ ကျေးရွာသားများက နိုဝင်ဘာ ၁ ရက်က ချုံနွယ်များရှင်းလင်းရာ ကျေးရွာသား ဦးမောင်စေ့ကေက အလျား ရှစ်လက်မ၊ လုံးပတ် ရှစ်လက်မခွဲ၊ အချင်း သုံးလက်မခန့် သံချေးတက် ဗုံးသီးဟောင်းတစ်လုံးနှင့် အလျား ၁၄ လက်မ၊ လုံးပတ် ၁၂ လက်မ၊ အချင်း ၄ လက်မခန့် သံချေးတက် ဗုံးသီးဟောင်းတစ်လုံး စုစုပေါင်း ဗုံးသီးဟောင်းနှစ်လုံးကို တွေ့ရှိခဲ့သည်။

အဆိုပါ ဗုံးသီးဟောင်းနှစ်လုံးတွေ့ရှိသည့်နေရာ၌ အောက်တိုဘာ ၃၀ ရက်က သံချေးတက်ဗုံးသီးဟောင်း လေးလုံးနှင့် ကျည်ဆန်တစ်ထောင့်ကိုလည်း တွေ့ရှိခဲ့သည်။ ယင်းဗုံးသီးဟောင်းများကို တပ်မတော် တန်းမြင့်လေ့ကျင့်ရေး ကမ်းနီသို့ မြို့နယ်ရဲတပ်ဖွဲ့မှ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/8763 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/3787 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀/၆၇၂၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**


မီးဘေးရှောင်
မလောင်ခင်တား


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/5103 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8C/6926 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၅)လမ်း၊ အမှတ် ၁၆၈၊ အိမ်ရာအကျယ်အဝန်းပေ(၂၅×၅၈)ရှိ တစ်ခန်းတွဲ၊ ရှစ်ထပ်တိုက်၊ ရှစ်လွှာ၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ မီလ္လာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်ချိုချိုမြင့် ၁၂/လမတ(နိုင်)၀၁၃၄၅၆ထံမှ ကျွန်ုပ်က ဝယ်ယူရန်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမိုးကျော်**
**ဖုန်း-၀၉-၅၀၄၈၁၀၄၊ ၀၉-၄၃၀၆၆၃၇၇**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(က) နိုင်ငံခြားစက္ကူ ၃၀" (High Bright) 45 Gsm - ၁၇၀၀ တန်
(ခ) Web Ink (Black) - ၁၄၀၀၀ ကီလို
(ဂ) Web Ink (Cyan) - ၈၀၀၀ ကီလို
(ဃ) Web Ink (Magenta) - ၅၆၀၀ ကီလို
(င) Web Ink (Yellow) - ၆၉၀၀ ကီလို
(စ) Fountain Solution - ၂၀၀၀ လီတာ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၁၁-၂၀၁၆ရက်မှ ၂၅-၁၁-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၀၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁၁-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇) ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇- ၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## သာဓုခေါ်ပါသည်



ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ရွှေကျောင်းပြင်ကျေးရွာရှိ ဓမ္မစကူးလ်/မူလွန်ကျောင်း တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်းရှိ သုခိတာရာမပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ခဲ့ပါသည်။ ဆရာတော်ဘဒ္ဒန္တမာဃိန္ဒ (သာသနာ့ဓဇ၊ ဓမ္မာစရိယ)မှ မတည်ငွေကျပ်သိန်း ၅၀ကို လှူဒါန်းရာ ဆရာတော်ကိုယ်စား အကျိုးတော်ဆောင် ဦးအေးသောင်းက ပေးအပ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်မှ လက်ခံရယူပေးခြင်းအပေါ် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုအပ်ပါသည်။

# မြန်မာရေကြောင်းတက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ရေကြောင်းတက္ကသိုလ်များအဖွဲ့ဝင်ဖြစ်လာ

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းတက္ကသိုလ်များအဖွဲ့ (International Association of Maritime Universities-IAMU)ဝင် တက္ကသိုလ်ဖြစ်လာပြီဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ ရေကြောင်းတက္ကသိုလ်များ၊ ကောလိပ်များနှင့် ပိုမိုရင်းနှီးစွာဆက်ဆံလာနိုင်ပြီး ရေကြောင်းဘက်ဆိုင်ရာဘာသာရပ်များတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

IAMU သည် ကမ္ဘာတစ်ဝန်းရှိ ရေကြောင်းတက္ကသိုလ်နှင့် အဖွဲ့အစည်းပေါင်း ၆၀ ဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် IAMU ၏အသင်းဝင်ဖြစ်ရေးအတွက် မြန်မာနိုင်ငံမှ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အား အဖွဲ့ဝင် Full Member အဖြစ် အောက်တိုဘာ ၂၆ ရက်တွင် အသိအမှတ်ပြုခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းမြို့တွင် အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သော 17th Annual General Assembly of the International Association of Maritime Universities အခမ်းအနားသို့ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ပါမောက္ခချုပ်တက် ရောက်ပြီး အသိအမှတ်ပြု လက်မှတ်ကို လက်ခံယူခဲ့ကြောင်း သိရသည်။

" IAMU အဖွဲ့ဝင်တက္ကသိုလ်ဖြစ်လာတဲ့အတွက် ကမ္ဘာတစ်ဝန်းရှိ ရေကြောင်းတက္ကသိုလ်တွေ၊ ကောလိပ်တွေနဲ့ ပိုမိုရင်းနှီးစွာဆက်ဆံပြီး ရေကြောင်းဘက်ဆိုင်ရာပညာရပ်တွေကို ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်တော့မှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့လေးနှစ်၊ ငါးနှစ်ခန့်ကစပြီး ဒီအဖွဲ့အစည်းကို ဝင်ရောက်နိုင်ဖို့ကြိုးစားခဲ့ရပါတယ်။ မြန်မာနိုင်ငံက ရေကြောင်းတက္ကသိုလ် ကျောင်းသားကျောင်းသူတွေအနေနဲ့ နိုင်ငံတကာ ရေကြောင်းတက္ကသိုလ်တွေမှာ ပညာသင်ကြားခွင့်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာတော့မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက သန်လျင်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

ယ ငင်းကဲ့သို့ တက္ကသိုလ်အဖွဲ့ဝင်ဖြစ်ရေးသည် မာစတာဘွဲ့ပေးနိုင်သည့် ရေကြောင်းတက္ကသိုလ်များသာ ဝင်ရောက်ခွင့်ရှိပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေကြောင်းဘာသာရပ်များ ကို သင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ သင်ကြားရေး ဆရာ ဆရာမများသည် ရေကြောင်း ဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် အဖွဲ့ဝင်ဖြစ်လာပြီဖြစ်သည့်အတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်မှုအားကောင်းလာမည်ဖြစ်ကြောင်းသိရသည်။

ထိုကဲ့သို့ အဖွဲ့ဝင်တက္ကသိုလ်ဖြစ်လာသည့်အတွက် လောလောဆယ် မြန်မာနိုင်ငံမှ ရေကြောင်းတက္ကသိုလ် ကျောင်းသားလေးဦးမှာ ဗီယက်နမ်ရေကြောင်းတက္ကသိုလ်၌ ပညာသင်ကြားခွင့်ရရှိထားပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဥရောပနိုင်ငံများရှိ ရေကြောင်းတက္ကသိုလ်များတွင်လည်း ပညာသင်ကြားခွင့်၊ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ၂၀၀၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယခင်က တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ၄၅၀ ခန့် ခေါ်ယူခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်မှစ၍ မိန်းကလေးများကိုခေါ်ယူပြီး ကျောင်းသားအရေအတွက်၏ ၂၀ ရာခိုင်နှုန်း လက်ခံခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်များ မှစ၍ ကျောင်းသားကျောင်းသူ ၃၂၀ အထိသာ နှစ်စဉ်လက်ခံခဲ့ကြောင်း၊ တက္ကသိုလ်ဝင်တန်းအမှတ်ကို သတ်မှတ်ထားခြင်းမရှိသော်လည်း ရမှတ် ၄၇၀ အထက်ရှိကြောင်း၊ အရေအတွက်နှင့်သာလက်ခံခြင်းဖြစ်ပြီး အမှတ်ဖြင့် လက်ခံခြင်းမဟုတ်ကြောင်း၊ သို့သော်လည်း ကျန်းမာရေး (က)အဆင့်ရှိပြီး အထူးသဖြင့် မျက်စိကောင်းသူများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပညာသင်နှစ်မှာ ခြောက်နှစ်ဖြစ်ပြီး လောလောဆယ် ကျောင်းသား ကျောင်းသူ ၂၀၀၀ ခန့် တက်ရောက် ပညာသင်ကြားနေကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသားများအား ကိုရီးယားနိုင်ငံမှ ပညာသင်ဆုများပေးပြီး နှစ်စဉ်ခေါ်ယူလျက်ရှိကြောင်း၊ ထိုင်ဝမ်မှ ဝမ်ဟိုင်းသင်္ဘောလိုင်း မှလည်း ရေကြောင်းတက္ကသိုလ်ကျောင်းဆင်းများကို ခေါ်ယူလျက်ရှိကြောင်း၊ သင်္ဘောလိုင်းမဟုတ်သော ဂျပန်ကုမ္ပဏီသုံးခုကလည်းရေကြောင်းတက္ကသိုလ်ကျောင်းဆင်းများကို ဂျပန်နိုင်ငံသို့ ပညာသင်ခေါ်ယူလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၆၅ ရာခိုင်နှုန်းသည် သင်္ဘောလိုင်းနှင့် သင်္ဘောကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။ **မြင့်မောင်စိုး**



# ဖားကန့်မြို့နယ်၌ သီရိရတနာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ဖားကန့် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မဇ္ဇပ်ယန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ သီရိရတနာ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲကို နယ်မြေခံစစ်ဆင်ရေး ကွပ်ကဲရေးမှူး တပ်မမှူး ဗိုလ်မှူးချုပ်သန်းဦး၊ ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ လုံးခင်း ကျောက်စိမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်စန်းအောင်၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ရတနာဆင်သုံးကောင်နှင့်ကောင်းစွမ်းထက်ကျောက်မျက် ကုမ္ပဏီတို့မှ တာဝန်ရှိသူများတက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။(**အပေါ်ပုံ**)

ထို့နောက် ရတနာဆင်သုံးကောင်ကုမ္ပဏီမှ ဦးအောင်ကျော်မြင့်က ယင်းကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် အချက်အလက်များနှင့် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခု ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်သည် ပညာရေးဌာန၏ သတ်မှတ်စံချိန်စံညွှန်း (SS2-1) နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စုစုပေါင်းငွေကျပ် သိန်းပေါင်း ၁၈၅၀ အကုန်ကျခံကာ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဝေးလံခေါင်သီတဲ့ ဒီဒေသမှာ ကျွန်တော်တို့အခုလို လှူဒါန်းခွင့်ရတာ အများကြီးဝမ်းသာပီတိဖြစ်ရပါတယ်။ ပညာရေးကဏ္ဍတွေကို တစ်ဖက်တစ်လမ်းကနေ တစ်တပ်တစ်အား ပါဝင်ဖြည့်ဆည်းကူညီပေးခြင်းဖြင့် ဒေသခံပြည်သူတွေ ပညာရေးအသိဉာဏ် ဖွံ့ဖြိုးတိုးတက်ပြီးဗဟုသုတတွေ ကြွယ်ဝလာစေဖို့၊ နောက်ပြီးပညာရေးကို အခြေခံပြီးတော့ သူတို့ရဲ့လူနေမှုဘဝတွေလည်း ပိုမိုတိုးတက်မြင့်မားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလိုဆောက်လုပ်လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ဒီကျောင်းဆောင်သစ်မှာ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်ကိုလည်း လုံလုံလောက်လောက်နဲ့ အဆင်ပြေစွာ စာသင်ကြားနိုင်မှာဖြစ်ပါတယ်။ရှေ့ဆက်ပြီးတော့ ဒီဒေသရဲ့လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်တွေမှာ ကျွန်တော်တို့ တတ်စွမ်းသမျှ ပါဝင်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပါ" ဟု ရတနာဆင်သုံး ကောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-မောင်မွှေး**

# သုံးခွမြို့၌ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော

**သုံးခွ နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁ ရက် နံနက်က အမက(၁၁)၌ ကျင်းပရာ အမှတ်(၆၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်နိုင်ဦးက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်တိုက်မှုယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းပပျောက်စေရေးအတွက် လိုက်နာရမည့်အချက်များ၊ရှောင်ကြဉ်ရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# လွှတ်တော်ကိုယ်စားလှယ်များဖလား ကျေးလက်ပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲဖွင့်

**ရွှေကူ နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ရွှေကူမြို့တွင် အောက်တိုဘာလ နောက်ဆုံးပတ်က မြို့နယ် အားကစားဘောလုံးကွင်း၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ပထမအကြိမ် လွှတ်တော် ကိုယ်စားလှယ်များဖလား ကျေးလက်ပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇာနည်မင်းက အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အားကစားသမားများအား နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်**

# စည်ပင်အမှိုက်သိမ်းယာဉ်များတွင် သီချင်းတေးသွားတီးလုံးသံသာ ပြောင်းလဲအသုံးပြု

**လွိုင်ကော် နိုဝင်ဘာ ၄**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ နေအိမ်များမှ မီးဖိုချောင်သုံးစွန့်ပစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံသိမ်းဆည်းရာတွင် ယခင်က အမှိုက်သိမ်းယာဉ်လာရောက်နေပြီဖြစ်ကြောင်း အသိပေးရန် ခေါင်းလောင်းသံကို အသုံးပြုခဲ့ရာမှ ယခုအခါ သီချင်းတေးသွားတီးလုံးသံကို ပြောင်းလဲအသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

" ခေါင်းလောင်းသံကို အသုံးပြုတဲ့အခါမှာ ခေါင်းလောင်းကို အဆက်မပြတ်တီးခတ်ဖို့မလွယ်ကူတဲ့အတွက် အချို့အိမ်ရှင်တွေ အမှိုက်သိမ်းယာဉ်လာရောက်တာကို မသိလိုက်တာတွေရှိတယ်။ အခုတော့ အမှိုက်သိမ်းယာဉ်တွေမှာ အသံချဲ့စက်တွေ တပ်ဆင်ပေးထားပြီး အသိပေးသီချင်းတေးသွားတီးလုံးသံကို အသုံးပြုလျက်ရှိပါတယ်။ အကော်ဒီယံအုန်းကျော်ရဲ့ ရွှေမြန်မာသီချင်းတေးသွားတီးလုံးသံကြားရင် အမှိုက်သိမ်းယာဉ်လာပြီဆိုတာသိနေကြပါပြီ" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးနီထွန်းက ပြောသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**

# မဲပေးပိုင်ခွင့်ရှိသူစာရင်း တစ်အိမ်တက်ဆင်းစနစ်ဖြင့်လိုက်လံကောက်ခံ

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၌ မဲဆန္ဒနယ်အားလုံး မဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ရေးအတွက် စာရင်းပြုစုမှုကို ဆောင်ရွက်လျက်ရှိရာ အလုံမြို့နယ် သစ်တောရပ်ကွက် အောင်ဇေယျကွန်ပလက်တွင် နိုဝင်ဘာ ၃ ရက်နံနက်က ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များမှ တစ်အိမ်တက်ဆင်း Door to Door စနစ်ဖြင့် မဲစာရင်းများကောက်ယူလျက်ရှိရာ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ပါဝင်ကူညီဆောင်ရွက်ပေးကြပြီး အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင်လည်း တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း မဲစာရင်းများ လိုက်လံကောက်ခံလျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနှင့် စာပေဖန်တီးရေးသားမှုနှင့်တည်းဖြတ်မှုဒီပလိုမာသင်တန်း

## ဒေါက်တာညိမ်းညိမ်း

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှု ဒီပလိုမာသင်တန်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်နေပြီဟူသော သတင်းစကားကို ကြားရသူတိုင်းက မေးမြန်းစုံစမ်းကြသည်။ မည်သို့သောပညာရပ်များကို မည်သည့် ပညာရှင်များနှင့် သင်နေပါသနည်းဟူသော မေးခွန်းတို့ကိုမေးကြသည်။ အစကမရှိပါဘူး၊ ဘယ်လိုဖွင့်လိုက်သလဲစသည်ဖြင့် စုံစမ်းကြသူများလည်းမရှား၊ အမေးရှိလျှင် အဖြေရှိရမည် ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းတစ်ခုဖြစ်လာစေရန် အခြေခိုင်အောင် မြန်မာစာဌာနအနေဖြင့် အဆင့်ဆင့်အုတ်မြစ်ချပြီးမှ တစ်လှ္ဓာချင်းတက်ခဲ့ရသော သင်တန်းတစ်ခုဟု ဆိုချင်ပါသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသည် မြန်မာစာပေကို အခြေပြုလျက် ဘာသာစကားနှင့် စာပေတို့၏ ဖွဲ့ယှက်နေပုံကို ပထမနှစ် မြန်မာစာ ထူးချွန်သင်တန်းများမှသည် ပါရဂူသင်တန်းများအထိ သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။ ဌာနရှိ ဆရာ ဆရာမများ၏ အင်အားနှင့် အငြိမ်းစား ဆရာ ဆရာမကြီးများ၏ အင်အားတို့ကိုပေါင်းစပ်ကာ မြန်မာစာပေနှင့်ဘာသာစကားတို့ ဖွံ့ဖြိုးတိုးတက်လာပုံကို စဉ်ဆက်မပြတ် လေ့လာသင်ကြားပေးနေသော ဌာနတစ်ခုလည်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် စာပေတည်းဖြတ်မှု အတတ်ပညာ (Editorial Course) သင်တန်းကို ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ ၁၅-၁၁-၂၀၁၃ နေ့တွင်ကျင်းပသော အစည်းအဝေးခွင့်ပြုချက်ဖြင့် ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန မြန်မာစာဌာနက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး ပညာသင်ကာလတစ်ခုတွင် သင်တန်းတစ်ကြိမ်နှင့် certificate သင်တန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသင်တန်းတွင် အခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်တန်း)အောင်မြင်ပြီးသူများ တက်ရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် လူငယ်များအနေဖြင့် စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုရန်အထောက်အကူပြုသည့် သင်တန်းတစ်ခုဟုဆိုနိုင်ပါသည်။

စာပေတည်းဖြတ်မှုအတတ်ပညာ (Editorial Course)သင်တန်း၏ သင်တန်းကာလမှာ တစ်ကြိမ်လျှင် သုံးလခွဲ( ၁၄ ပတ်)ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် certificate လက်မှတ်ချီးမြှင့်ခဲ့သည်။ ထိုသင်တန်းကို စာပေပညာရှင်များဖြစ်သော ဒေါက်တာခင်အေး၊ ဒေါက်တာခင်မောင်ညို၊ ဆရာစောလူ၊ ဆရာကောင်းသန့်၊ ဆရာဟိန်းလတ်၊ ဆရာဇေမြင့်၊ ဒေါက်တာမောင်သင်း၊ ဒေါက်တာကိုလေး၊ ဆရာဦးတင်ဦး(ကျူရှင်)၊ ဆရာမကြီး မမိုးမြေစသည်တို့အပြင် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအောင်မြင့်ဦး၊ တွဲဖက်ပါမောက္ခ ဒေါက်တာကိုကိုသန်း၊ ပညာရေးတက္ကသိုလ်မှ ဒေါက်တာညွန့်သောင်းတို့က ပါဝင်သင်ကြားခဲ့သည်။ ထို certificate သင်တန်းကို နှစ်နှစ်ခန့် သင်ကြားခဲ့ပြီးနောက် သင်တန်းမှာ အခြေတကျဖြစ်လာသည့်ပြင် သင်တန်းသားများကလည်း ဒီပလိုမာသင်တန်းအဖြစ်တိုးချဲ့ဖွင့်လှစ်ပေးရန် တောင်းဆိုလာကြပါသည်။

သင်တန်းသားများသည် ပြင်ပစာပေလောကတွင် လက်ရှိလုပ်ကိုင်နေကြသော စာပေလောကသားများဖြစ်၍ သင်ကြားရာတွင် အခက်အခဲမရှိအဆင်ပြေသည်။ သင်ကြားပေးနေသော ပြင်ပမှ ဆရာများ၊ ရန်ကုန်တက္ကသိုလ်မှ ဆရာများနှင့်လည်းရင်းနှီးကျွမ်းဝင်ကာ စာပေအကျိုးကို သယ်ပိုးနိုင်ကြသော သင်တန်းသားတို့ဖြစ်သောကြောင့် ပထမအသုတ်တွင်ပင် အောင်မြင်မှုရသည်ဟုဆိုနိုင်ပါသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအနေဖြင့် ပြင်ပစာပေလောကမှ စာပေပညာရှင်များနှင့် အဆက်အစပ်ပြုကာ သတင်းမီဒီယာနှင့် မြန်မာစာပေ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ပြင်ပလုပ်ငန်းခွင်မှ စာပေဝန်ထမ်းများသည် ပညာရပ်အသီးသီးနှင့်လုပ်ငန်းခွင်ဝင်ခဲ့ကြသော်လည်း ယခုအခါ မြန်မာစာဟူသောနှောင်ကြိုးဖြင့် အချင်းချင်း ပေါင်းစည်းမိကြပြီဖြစ်ပါသည်။ မြန်မာစာဌာနမှ သင်ကြားပေးလိုက်သော စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုပညာရပ်များကို အသုံးချလျက် ၎င်းတို့၏ လုပ်ငန်းခွင်တွင် ယုံကြည်ချက်ရှိရှိဖြင့် စွမ်းစွမ်းတမံလုပ်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

**မြန်မာစာဌာနမှ သင်ကြားပေးလိုက်သော စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုပညာရပ်များကို အသုံးချလျက် ၎င်းတို့၏ လုပ်ငန်းခွင်တွင် ယုံကြည်ချက်ရှိရှိဖြင့် စွမ်းစွမ်းတမံလုပ်ဆောင်သွားနိုင်မည်ဖြစ်**



ရန်ကုန်မြို့ မြို့တော်ခန်းမ၌ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) မှ ကြီးမှူး၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည့် တတိယအကြိမ် (၇၅) နှစ်ပြည့် သက်ကြီးသတင်းစာပညာရှင်ကြီးများ ကန်တော့ပွဲအတွက် တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ(သမာဓိမိသားစု)မှ အလှူငွေ ကျပ်တစ်သိန်းကို နိုဝင်ဘာ ၃ ရက်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းအတွင်းရေးမှူး ဦးကျော်စွာမင်းက လက်ခံယူစဉ်
(၁၁၅)

# တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဖြင့် အရေးယူရန်အမှုဖွင့်

**ရန်ကုန် နိုဝင်ဘာ ၄**

ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက် သရက်တော ၅ လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ အရောင်းအဝယ် လုပ်ကိုင်သူအသက် (၄၅နှစ်)ရှိ ကိုမျိုးဝင်းနှင့် လိပ်စာတူနေ အသက် (၄၂နှစ်) ရှိ ကိုချိုသွေးလင်းတို့သည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း၌ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်း အောင်သပြေလမ်းနေ ဦးဆေးနိုင်ထံမှ ကာလတန်ဖိုးငွေကျပ် ၁၁၀၅၄၉၀၀၀၀ တန်ဖိုးရှိသော မတ်ပဲ ၁၁၇၄၂ အိတ်ကိုရောင်းချ၍ သက်သေခံပစ္စည်း ဖောက်ဖျက်မှုများကျူးလွန်ခဲ့ပြီး ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်အကျိုးအမြတ်ငွေကြေးနှင့် ပစ္စည်းများကို အရေးယူခြင်းမပြုလုပ်နိုင်စေရန် ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ အသွင်ပြောင်းခြင်းတို့ ပြုလုပ်ခဲ့သည်။

ယင်းသို့ ပြုလုပ်ရာတွင် ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက် သရက်တော ၅ လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ ဧရိယာ ၀ ဒသမ ၀၃၃ ဧကမြေနှင့် RC သုံးထပ်တိုက်နေအိမ် ကာလတန်ဖိုးငွေကျပ် သန်း ၁၀၀၀ ခန့်နှင့် TOYOTA CELSIOR UCF 31 အမျိုးအစားယာဉ်အမှတ် 7C /------ တန်ဖိုး ငွေကျပ် ၁၂ ဒသမ ၅ သန်းခန့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၁၂ ဒသမ ၅ သန်းခန့်အား ဝယ်ယူဆောက်လုပ်သုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကိုမျိုးဝင်းနှင့် ကိုချိုသွေးလင်းတို့အား အရေးယူပေးရန် လက်ထောက်ညွှန်ကြားရေးမှူး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန နေပြည်တော်မှ တရားလိုပြုလုပ်တိုင်တန်း၍ ကြည့်မြင်တိုင်မြို့နယ်ရဲစခန်းက နိုဝင်ဘာ ၁ ရက်တွင် အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ဆိုင်**

# လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအကြောင်း ကွင်းဆင်းရှင်းလင်း

**မင်းပြား နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန်းစိုးဦးနှင့် ဝန်ထမ်းများက အမျိုးသားဓာတ်အားရရှိရေးစီမံကိန်း (NEP)အကြောင်း သိကောင်းစရာများကို အောက်တိုဘာလ စတုတ္ထပတ်က ဓာတ်အားထပ်မံရရှိမည့် သလူချောင်းကျေးရွာ၊ ဝင်းဇားကျေးရွာ၊ ပန်ဇင်းမော်ကျေးရွာ၊ နဒင်ရွာသစ်၊ နဒင်ရွာဟောင်း ကျေးရွာများသို့ ကွင်းဆင်းပြီး ကမ္ဘာ့ဘဏ်ထောက်ပံ့မှုနှင့် ပြည်သူအချိုးကျထည့်ဝင်ငွေပုံစံနှင့် တစ်အိမ်သုံးဆိုလာစနစ်တွင် တစ်အိမ်ထောင်လျှင် ထည့်ဝင်ရမည့် ငွေပမာဏများနှင့် လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။
(၁၅၇)

## မှုခင်းသတင်းတိုထွာများ

### လက်နက်ကိုင်ခြိမ်းခြောက်သူများကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိ

ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာတွင် အောက်တိုဘာ ၃၀ ရက်က အမျိုးသမီးသုံးဦးအား လက်နက်ဖြင့်ခြိမ်းခြောက်ခဲ့သူများကို လိုက်လံဖမ်းဆီးရာမှ မူးယစ်ဆေးဝါးနှင့် လက်နက်များဖမ်းဆီးရမိကြောင်း ကျိုက်ထိုမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာနေ မိစု(ပါ) သုံးဦးအားလူနှစ်ဦးက လက်နက်ကိုင်ကာ ခြိမ်းခြောက်ခဲ့၍ ကျိုက်ထိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသံမရောင်းနှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များသည် လိုက်လံစုံစမ်းရာ စောနန်းတော်(ခ)ယက္ခ (၃၅ နှစ်)နှင့် စိုးမင်းသူ (၂၆ နှစ်)တို့အား ကော့စံနိုင်ရပ်ကွက် ဘောဂနာ အလယ်လမ်းတွင် ၎င်းတို့စီးနင်းလာသော မော်တော်ယာဉ်ဖြင့် တွေ့ရှိသဖြင့် စစ်ဆေးရာ မော်တော်ယာဉ်နှင့်ပတ်သက်၍ အထောက်အထားမပြနိုင်သည့်အပြင် ခဲသီးဖြင့်ထည့်၍ ပစ်ခတ်ရသော ၉ မမ ပစ္စတိုပုံစံ သေနတ်အဟောင်းတစ်လက် (ခဲသီးကျည်ဘောက်ပါ)၊ အရိုး လေးလက်မ၊ အသွားရှစ်လက်မရှိ ဓားဦးချွန် ဓားမြှောင်တစ်ချောင်း သစ်သားအိမ်ပါ၊ အရိုးငါးလက်မ အသွား ၁၅ လက်မရှိ ဓားဦးချွန်တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖမ်းဆီးရမိသူနှစ်ဦးသည် မုဒုံမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ မူးယစ်ဆေးပြား ၁၆၀ ဝယ်ယူခဲ့ပြီး မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ရောင်းချခဲ့ပြီး ကျန်ဆေးပြားများကို သုံးစွဲရန်ချန်ထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျန်ရှိသည့်ကွင်းဆက်အား ဆက်လက်ဖော်ထုတ်အရေးယူလျက်ရှိကြောင်း သိရသည်။

**နန္ဒကျော်စွာ**

### စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူနှင့် ကွင်းဆက်များအားဖမ်းမိ

မြိတ်မြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ကန်ဖျားရပ်ကွက် ကန်ဖျားမီးစက်ကြီးအနီး မစိုးရိမ်ကျောင်းလမ်းသွယ်တွင် စောင့်ဆိုင်း စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသယ်ဆောင်လာသူမှာ တင်ထွေး(ခ)ဘိုငယ်သည် ကော့သောင်းမြို့နေသူဖြစ်ပြီး ၎င်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကာလတန်ဖိုးငွေကျပ်သိန်း ၄၀၀ နှင့် ငွေသားကျပ် သုံးသိန်းကျော်နှင့် ဖုန်းတစ်လုံးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ စစ်ဆေးဆောင်ရွက်ခဲ့ရာ ကွင်းဆက်ပြစ်မှုကျူးလွန်သူနှစ်ဦးကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

**ခိုင်ထူး ( ပြန်/ဆက်)**

### မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်လက်ဝယ်ထားရှိသူအား ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် နန့်မားကျေးရွာအုပ်စု တုံးပုံကျေးရွာတွင် နိုဝင်ဘာ ၂ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ရဲအုပ်မောင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များသည် နန့်မားကျေးရွာအုပ်စု တုံးပုံကျေးရွာနေ ဉာဏ်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေစဉ် ဉာဏ်ဝင်းအား နေအိမ်မီးဖိုချောင်တွင် တူမီးသေနတ်ကိုင်ဆောင်လျက်တွေ့ရှိ၍ ဖမ်းဆီးပြီး ဆက်လက်ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၄၂ ဂရမ် ကာလတန်ဖိုးငွေကျပ် ၄၂ သိန်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀ ကာလတန်ဖိုးငွေကျပ် ၅၉ သိန်းအား သိမ်းဆည်းရမိခဲ့သည်။ ဉာဏ်ဝင်းအား မံစီကြီးနယ်မြေရဲကင်းစခန်းမှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

### ထိုင်တော်မူကျောက်ဆင်းတုတော်တစ်ဆူ ပျောက်ဆုံး

ချောက်မြို့နယ် မကျီးကန်ကျေးရွာတွင် နိုဝင်ဘာ ၁ ရက်က နှစ်ပေါင်း ၁၀၀ ခန့် တည်ထားကိုးကွယ်ခဲ့သာ ထိုင်တော်မူကျောက်ဆင်းတုတော်တစ်ဆူ ပျောက်ဆုံးခဲ့ကြောင်း စလေနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ချောက်မြို့နယ် မကျီးကန်ကျေးရွာနေ ဦးညိုလေး ဘုရားဂေါပကဥက္ကဋ္ဌသည် ယင်းနေ့ နံနက် ၇ နာရီက နေအိမ်၌ရှိနေစဉ် ရွာဦးကျောင်းဆရာတော် ဦးပညိန္ဒကြွရောက်လာပြီး ရွာ၏အရှေ့ဘက်တွင် တည်ထားကိုးကွယ်သော ဘုရားစေတီတစ်ဆူပျောက်ဆုံးနေကြောင်း ပြောပြ၍ သွားရောက်ကြည့်ရှုစစ်ဆေးရာ အလယ်စေတီလိုဏ်ဂူအတွင်းရှိ ဘုရားစေတီသုံးဆူအနက် နှစ်ပေါင်း ၁၀၀ ခန့် တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော်သုံးပေခန့် ထိုင်တော်မူ ကျောက်ဆင်းတုတစ်ဆူ (မိုးကောင်းဘုရား) ပျောက်ဆုံးနေသည်ကို သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချောက်မြို့နယ် စလေနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### အရက်သေစာသောက်စား၍စကားများရာမှ လူသတ်မှုဖြစ်

မအီမြို့နယ် ချက်ဖောက်ကျေးရွာအပိုင် ဇောခိချောင်းတောင်ဘက်နေရာတွင် အောက်တိုဘာ ၃၀ ရက် ညနေ ၆ နာရီခန့်က မအီမြို့ အမှတ်(၄) ရပ်ကွက်နေ ဦးသန်းလွင် (ခ) စံထွန်းလှိုင် ချက်ဖောက်ကျေးရွာနေ ဦးမြင့်ရွှေအောင်နှင့် ဦးမောင်လှမြင့်၊ ကောက်ရိုးတမာကျေးရွာနေ ဦးဇော်မြင့်သိန်းတို့လေးဦးသည် အရက်ဝိုင်းဖွဲ့သောက်စားမူးယစ်ပြီး အချင်းချင်းစကားများရာမှ ကျောက်ဝေအုပ်စု ဝေကျေးရွာနေ ဦးသက်နိုင်၏တဲ၌ ဦးသန်းလွင်အား ဦးမြင့်ရွှေအောင်က ဓားဖြင့် ခုတ်သဖြင့် သေဆုံးသွားခဲ့သည်။ မအီနယ်မြေရဲစခန်းသို့ ဦးသက်နိုင်က တရားလိုပြုတိုင်ကြားခဲ့ရာ နယ်မြေ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စလင်းမြို့တွင် လျှပ်စစ်မီးပြတ်တောက်မှု ရက်ကြာနေ

**စလင်း နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခန့်မှစ၍ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့ပြီး အောက်တိုဘာ ၂ ရက်အထိ ဓာတ်အားပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးပြတ်ခြင်းအကြောင်းမှာ မင်းဘူးမြို့ လျှပ်စစ်ဓာတ်အားခွဲရုံမှ ထရန်စဖော်မာ ချို့ယွင်းသွားခြင်းကြောင့်ဖြစ်ကြောင်းနှင့် ပြင်ဆင်ရန် အပိုပစ္စည်းအခက်အခဲကြောင့် အချိန် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံး ရရှိအသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်းနှင့် ဆင်ဖြူကျွန်းတို့တွင် မီးများပြတ်တောက်နေကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၀၆ နှစ်ပြည့်ပွဲတော် ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**တောင်ငူ နိုဝင်ဘာ ၄**

တောင်ငူမင်း ၂၉ ဆက်မြောက် မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူထီးနန်းကိုစိုးစံပြီး မြဝတီ၊ ဒွါရဝတီ၊ မြို့သစ်များကိုတည်ထောင်ခဲ့သည်။ ဒွါရဝတီနန်း၌ စိုးစံနေစဉ်အတွင်း မင်းကြီးညို၏ ဘုန်းတန်ခိုးသည် အံ့သြလောက်အောင်ကြီးမားခဲ့၍ လာရောက်မှီခိုသူများပြားလာပြီး ဆင်၊ မြင်း လက်နက်အင်အားသည်လည်း တိုးပွားလာခဲ့သည်။ ထို့ကြောင့် ဒွါရဝတီမြို့တော်သည် ကျဉ်းမြောင်းနေသောကြောင့် နေရာရွှေ့ချယ်ပြီး သက္ကရာဇ် ၈၇၂ ခုနှစ် အေဒီ ၁၅၁၀ တန်ဆောင်မုန်းလပြည့် (အင်္ဂါနေ့)တွင် ကေတုမတီမြို့တော်ကြီးကို စတင်ပန္နက်စိုက်ထူ၍ တည်ထောင်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၅၀၆ နှစ်ပြည့်တော့မည်ဖြစ်သည်။



ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၀၆ နှစ်ပြည့်ပွဲတော်ကြီးကို ယခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အထိမ်းအမှတ်ပွဲတော်ကြီးတွင် ယခင်နှစ်များနည်းတူ တောင်ငူခေတ်ယဉ်ကျေးမှု ထီးနန်းရိုးရာ အစဉ်အလာအတိုင်း ရာဇာဝင်းခင်းသဘင်ကြီးကို တောင်ငူခေတ် မြန်မာ့ရိုးရာ အသုံးအဆောင် အဆင်အယင်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို အနည်းစပ်ဆုံး ကိုက်ညီအောင် ရာဇဝင်ပါ မင်းကြီးညိုတပ်ခင်းခြင်း သရုပ်ဖော်ပုံကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယင်းနောက် တောင်ငူမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံခြင်း၊ ရှင်အပါး ၅၀၆ ပါးအား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း၊ အားကစားပြိုင်ပွဲများ၊ ဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲ၊ သရုပ်ဆောင်ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ ကေတုမတီနှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ပြိုင်ပွဲ၊ ရွှေဟင်္သာဘုရား ထီးတော်တင်လှူခြင်း၊ မီးကြာခွက်မျှော ပူဇော်ခြင်း၊ ဖျော်ဖြေရေးကဏ္ဍများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ထို့အတူ ပွဲတော်ကြီးကို နောက်ခံထား၍ ဒါရိုက်တာမီးပွားက ရုပ်ရှင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းနိုင်ရေး ပံ့ပိုးရန်လိုအပ်

**စစ်ကိုင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးရွယ်အို ဘိုးဘွားများအား ပြုစုစောင့်ရှောက်ရာတွင် ဌာနအခြေပြုစောင့်ရှောက်နည်းများ တည်တံ့ခိုင်မြဲတိုးပွားရန်အပြင် ရပ်ရွာအခြေပြုစောင့်ရှောက်နည်းများ တိုးပွားလာအောင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့(Older People Self Help Group)များ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းလာနိုင်ရေး ပံ့ပိုးဆောင်ရွက်ကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရာအနှံ့အပြားမှာ မှီတင်းနေထိုင်ကြတဲ့ သက်ကြီးရွယ်အိုတွေရဲ့ဘဝ စိုပြည်လှပအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးဖို့လိုသလို အသက်ကြီးသူတွေကို ဆင်းရဲချမ်းသာ၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးရမှာဖြစ်ပါတယ်။ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်မှာရှိတဲ့ အဘိုးအဘွားတွေကို တန်းတူညီတူစောင့်ရှောက်ပေးခြင်းနဲ့ ပစ်ပယ်ခွဲခြားတာတွေ ပပျောက်အောင် ဌာနဆိုင်ရာတွေ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေနဲ့ စေတနာ့ဝန်ထမ်းသမားတွေအားလုံး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြဖို့လိုပါတယ်”ဟု ဒေါက်တာမြင့်နိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် အသက် ၆၀ အထက် သက်ကြီးရွယ်အို ၄ ဒသမ ၇၅သန်းအနက် အဘိုး ၂ ဒသမ ၀၂သန်းနှင့် အဘွား ၂ ဒသမ ၇၂သန်းခန့်ရှိပြီး အဆိုပါသက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်ရေးအတွက် ဌာနအခြေပြုစောင့်ရှောက်ခြင်းနှင့် ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်းနည်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ဌာနအခြေပြုစောင့်ရှောက်ခြင်းနည်းအဖြစ် ဂေဟာများ တည်ထောင်၍ စောင့်ရှောက်ခြင်း၊ နေ့စောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း၊ စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရပ်ရွာအခြေပြုစောင့်ရှောက်နည်းအဖြစ် အိမ်တိုင်ရာရောက်စောင့်ရှောက်ခြင်း၊ မိသားစုအခြေပြု စောင့်ရှောက်ခြင်းနှင့် ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဌာနအခြေပြုနှင့် ရပ်ရွာအခြေပြု စောင့်ရှောက်ပေးရာတွင် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့များနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်က သက်ကြီးရွယ်အိုများဆိုင်ရာ လေ့လာဆန်းစစ်မှုသုတေသနလုပ်ငန်းကို အစိုးရကဦးဆောင်ပြီး သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ သက်ကြီးရွယ်အိုများအနေဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခက်အခဲများကို အဓိကရင်ဆိုင်နေရသည်ကို တွေ့ရကြောင်း လေ့လာဆန်းစစ်ချက်က ဖော်ပြသည်။ အဆိုပါတွေ့ရှိချက်အပေါ် အခြေခံ၍ သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းလုပ်ငန်းများကို ပိုမိုစနစ်ကျအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပြည်သူများ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ အသစ်လဲလှယ်တပ်ဆင်

**ကျုံပျော် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ရေကြည်ဓာတ်အားခွဲရုံနှင့် ကျုံပျော်မြို့သို့ သွယ်တန်းအသုံးပြုနေသော ဓာတ်အားလိုင်းကြိုးများကို နိုဝင်ဘာ ၂ ရက်မှစ၍ အသစ်လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်အားလိုင်းကြိုးများ လဲလှယ်ရာတွင် ဓာတ်အားလိုင်းအရှည် ခုနစ်မိုင်တွင် ယခင် ၃၅ မီလီမီတာစကွဲယား Acsr ဓာတ်ကြိုးများအစား ၉၅ မီလီမီတာစကွဲယား Acsr ဓာတ်ကြိုးများဖြင့် အသစ်လဲလှယ်ခြင်းဖြစ်သောကြောင့် ဓာတ်အားလိုင်းများ ပိုမိုတောင့်တင်းကောင်းမွန်ပြီး လိုင်းကြိုးများ မကြာခဏ ပြတ်ကျခြင်း ဖြစ်ပွားမှုနည်းပါးသွားမည်ဖြစ်ကာ ဓာတ်ကြိုးပြတ်ကျ၍ လူများအန္တရာယ်ဖြစ်ပွားခြင်းမှလည်း လွတ်ကင်းမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားလိုင်းကြိုးများ လဲလှယ်တပ်ဆင်နေသည့် နိုဝင်ဘာ ၂ ရက်မှစ၍ မြို့တွင်း၌ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ လျှပ်စစ်မီးဖြတ်တောက်ထားပြီး နိုဝင်ဘာ ၇ ရက်တွင် ပုံမှန်ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ပြင်ဦးလွင်တန်ဆောင်တိုင် ညရှုခင်း ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုကို ကျပ် ၁၂ သိန်းအထိ ထိုက်တန်စွာချီးမြှင့်မည်

**ပြင်ဦးလွင် နိုဝင်ဘာ ၄**

၂၀၁၆ ခုနှစ် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော်တွင် ဖိတ်ခေါ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ညအလှပြိုင်ပွဲနှင့် နေ့အလှပြိုင်ပွဲ ဟူ၍ ကဏ္ဍနှစ်ရပ်ဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ညအလှပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၁၂ သိန်း အထိ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ညအလှပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၁၂ သိန်းနှင့် ဆုဖလား၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်းနှင့် ဆုဖလား၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် ဆုဖလား၊ စတုတ္ထဆု ငွေကျပ် နှစ်သိန်းနှင့် ဆုဖလား၊ ပဉ္စမဆု ငွေကျပ် တစ်သိန်းနှင့် ဆုဖလား၊ ဆဋ္ဌမဆုမှ ဒသမဆုအထိ ငွေကျပ် ရှစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ နေ့အလှပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ငါးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် ဆုဖလား၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် ဆုဖလား၊ စတုတ္ထဆု ငွေကျပ်တစ်သိန်းနှင့် ဆုဖလား၊ ပဉ္စမဆု ငွေကျပ် ရှစ်သောင်းနှင့် ဆုဖလား၊ ဆဋ္ဌမဆု ငွေကျပ် ခုနစ်သောင်းနှင့် ဆုဖလား၊ သတ္တမဆု ငွေကျပ် ခြောက်သောင်းနှင့် ဆုဖလား၊ အဋ္ဌမဆု ငွေကျပ် ငါးသောင်းနှင့် ဆုဖလားတို့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကျင်းပရေးကော်မတီနှင့် မန္တလေးဓာတ်ပုံပညာရှင်အသင်းတို့ ဦးစီးပြုလုပ်သည့် ယင်းဓာတ်ပုံပြိုင်ပွဲတွင် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော် နေ့/ညရှုခင်း၊ မီးပုံးပျံအလှပြိုင်ပွဲ နေ့/ညရှုခင်း၊ မသိုးသင်္ကန်းပြိုင်ရက် ပူဇော်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ စသည်တို့မှ မိမိ နှစ်သက်ရာကို နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိအတွင်း ရိုက်ကူး၍ ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီနောက်ဆုံးထားကာ ပြင်ဦးလွင်ခရိုင် ပြန်/ဆက်ရုံးနှင့် မန္တလေးမြို့ လမ်း (၃၀) နှင့် (၆၆) လမ်းထောင့်ရှိ နန်းမူမူစတိုးတို့တွင် တင်သွင်းရမည်ဖြစ်ကြောင်း၊ ဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများအနေဖြင့် ယင်းနေရာများတွင်ပင် ပြိုင်ပွဲဝင်ကြေး ၃၀၀၀ ကျပ်နှင့်အတူ စာရင်းပေးသွင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲစည်းကမ်းချက်များအနေဖြင့် ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မမှ ၁၀ လက်မ × ၁၅ လက်မအတွင်းဖြစ်ပြီး တစ်ဦးလျှင် ပြိုင်ပွဲဝင်ဓာတ်ပုံ နေ့အလှ ငါးပုံနှင့် ညအလှ ငါးပုံစီ တင်သွင်းယှဉ်ပြိုင်နိုင်ကြောင်း၊ ဓာတ်ပုံများကို မည်သည့် ကင်မရာ အမျိုးအစားဖြင့်မဆို ရိုက်ကူးနိုင်ပြီး ပြုပြင်ခြင်းများ ခွင့်မပြုကြောင်း၊ ဆုရပုံများ၏ မူရင်းဖလင်နှင့် မူရင်းဖိုင်များကို သုံးရက်အတွင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံ တင်ပြနိုင်ရမည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက ဆုစာရင်းမှ ပယ်ဖျက်ကာ အောက်မှအဆင့်ဆင့်ပုံများကို ဆုအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများအားလုံးကို ပြန်လည်ထုတ်ပေးမည်မဟုတ်ဘဲ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား၏ ကိစ္စရပ်များတွင် သင့်လျော်သလိုသုံးစွဲခွင့်ကို ပြိုင်ပွဲယှဉ်ပြိုင်သူက သဘောတူညီပြီးဖြစ်ရမည်ဖြစ်ကြောင်း စသည့် စည်းကမ်းချက်များ သတ်မှတ်ထားသည်။



**ချမ်းသာ(မိတ္ထီလာ)**

# မေတ္တာလင်းမြိုင်မှသည် လေးကေ့ကော်ဆီသို့



ဂူတောင်ပေါ်တွင် ဖူးတွေ့ရသော နန်းမြင့်ချာန်မြိုင်စေတီတော်

**မြင့်စိုး (နတလ)**

**မြစ်ကူးချောင်းဖျား**

ဖျတ်ခနဲ ပေါ်လာသောအတွေးစတစ်ခု...။

စာရေးဆရာဆိုသည့်ပုဂ္ဂိုလ်များသည် အင်မတန် ခက်ခက်ခဲခဲ သွားလာခဲ့ရသော နေရာဒေသ ခရီးစဉ်များအကြောင်းကို တမ်းတမ်းတတနှင့် တသသ ရေးဖွဲ့တတ်ကြပါကလားဟူ၍။

ကျွန်တော်ဖတ်ဖူးမှတ်ဖူးခဲ့သော စာရေးဆရာများကိုပြောပါဆိုလျှင် ပထမဆုံးအဖွဲ့မှာ ၁၉၆၉၊ ၁၉၇၀ နှစ်လောက်က ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့သို့ စာပေဟောပြောရန် ရောက်ရှိလာကြသော ဆရာမောင်နေဝင်း၊ ဆရာနတ်နွယ်၊ ဆရာမင်းကျော်၊ ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ ကိုသုမောင်တို့အဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့ထဲမှ ဆရာမင်းကျော်က လေးမျက်နှာမြို့နယ်မဂ္ဂဇင်းအတွက် ပြန်လည်ချီးမြှင့်ရေးသားပေးခဲ့သော ဆောင်းပါးတစ်ပုဒ်တွင် ရန်ကုန်မြို့မှ လေးမျက်နှာမြို့ကို ရောက်သည်အထိ ရထားတစ်တန်၊ သင်္ဘောတစ်တန်၊ ကားတစ်တန်၊ စက်လှေတစ်တန် အဆင့်ဆင့်စီး၍ ပင်ပန်းကြီးစွာလာရပုံကို ခံစားရေးဖွဲ့ထားပါသည်။ ဆောင်းပါးအမည်က 'လေးမျက်နှာလွမ်းချင်း'ဟူ၍။

ပင်ပန်းကြီးစွာဟု ကျွန်တော်ပြောရခြင်းမှာ ထိုစဉ်က ပုသိမ်-မုံရွာကားလမ်း မပေါက်သေး။ ရန်ကုန်-ဟင်္သာတ ကားလမ်းကလည်း မကောင်းသေး။ ရန်ကုန်ကြည့်မြင်တိုင်ဘူတာမှ မနက်အစောကြီး ရထားထစီး၊ ဟင်္သာတတစ်ဖက်ကမ်း သာရဝေါ်ဘူတာကို မွန်းလွဲပိုင်းရောက်၊ ရောဝတီမြစ်ကို သင်္ဘောဖြင့်ဖြတ်ကူး၊ ခေါင်းဆေးကျွန်းမှာဆိုက်။ ခေါင်းဆေးကျွန်းတွင် နေပူပူသဲပူပူပေါ်မှာ မိနစ် ၂၀ ခန့်ဖြတ်လျှောက်၊ ထိုမှ ရွှေပြောင်ပြောင်ဆိပ်ကမ်းသို့ ရောက်ပြီးသကာလ ချက်ပလက်ကားဂိတ်သို့ အပြေးအလွှားသွား၍ ဟင်္သာတ-နတ်မော်-နိဗ္ဗာန်-ယုံသလင်း-ခမောက်စု ရွာစဉ်အတိုင်း စီးလိုက်လျှင် အိုင်သပြုဆိုသော ကူးတို့ဆိပ်ကမ်းလေး၌ ခရီးဆုံးမည်ဖြစ်၏။ အိုင်သပြုဆိုသည်မှာ ဝဲန်မြစ်ကမ်းနံဘေးက ရွာကလေးတစ်ရွာ။ ထိုဆိပ်ကမ်းသို့ ရောက်လျှင်ပင် နေအတော်စောင်းလုပြီ။ လေးမျက်နှာမြို့သို့ စက်လှေဖြင့် ဆက်၍ ခရီးနှင်ရသည်ဖြစ်ရာ ရောက်ချိန်မှာ နေဝင်ဖြိုးဖျ ညီအစ်ကိုမသိတသိအချိန်က အစောဆုံး။ ထိုခရီးအတိုင်း လာခဲ့ကြရသည်ဖြစ်၍ ဆရာမင်းကျော်အနေဖြင့် လေးမျက်နှာလွမ်းချင်းဆောင်းပါးကို လွမ်းမောတသစွာ မွေးဖွားခဲ့ခြင်းဖြစ်တန်ရာ၏။

ထိုနည်းတူစွာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် လာရောက်ဟောပြောစဉ်ကလည်း ပုသိမ်မှ ခမောက်စုသို့ ရထားဖြင့်လည်းကောင်း၊ ခမောက်စုမှ လေးမျက်နှာမြို့ခရီးကို အထက်ပါအတိုင်း ကားတစ်တန် စက်လှေတစ်တန်ဖြင့်လည်းကောင်း လာခဲ့ရခြင်းဖြစ်သည်။ စက်လှေပေါ်မှနေ၍ ဝဲန်မြစ်ရိုးတစ်လျှောက် ကြည့်ရှုခံစားလိုက်ပါရင်း လေးမျက်နှာနောက်ခံ 'သာ၍ဝေးရာဆီကိုပါ'ဝတ္ထုတစ်ပုဒ် ပေါ်ထွက်လာခဲ့ပြီး မင်းသားကျော်သူနှင့် ရုပ်ရှင်ဇာတ်ကားကြီးပင်ရိုက်ခဲ့သည်ကို အမှတ်ရနေမိ၏။

စာရေးဆရာနောက်တစ်ဖွဲ့မှာ သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး (ကော့ကရိတ်)တံတားကြီးများ မရှိသေးမီ ကော့ကရိတ်မြို့သို့ စာပေဟောပြောပွဲသွားရောက်ခဲ့ကြသော ဆရာလင်းယုန်မောင်မောင်၊ ဆရာကာတွန်းမြေဇာ၊ ဆရာမခင်သူသူဝင်းနှင့် ဆရာမင်းလူတို့အဖွဲ့ဖြစ်သည်။ ဘားအံမြို့ကို ဇက်ဖြင့်ကူးရသကဲ့သို့ ဘားအံနှင့်ကော့ကရိတ်ကြားမှာလည်း ဇက်ဖြင့်ကူးရသည်။ ဘားအံ-ကော့ကရိတ် ကားလမ်းကလည်း မကောင်းသေး။ ထိုခရီးစဉ်ကိုအကြောင်းပြု၍ ဆရာမင်းလူက 'မြစ်ကူးချောင်းဖျား'အမည်ရ ဆောင်းပါးတစ်ပုဒ်ကို ၂၀၀၀ပြည့်နှစ်တွင် ထုတ်ဝေခဲ့ဖူးသော နတလမဂ္ဂဇင်းစာအုပ်အတွက် စာမူရေးသားပေးခဲ့ဖူး၏။ သူ၏ဆောင်းပါးထဲတွင် ကော့ကရိတ်မြို့မှ စာပေမိတ်ဆွေများက ဂျိုင်းမြစ်ဆိပ်ကမ်းအထိ တပျော်တပါး လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်ကို အမှတ်ရစွာ ခံစားရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ထို့ကြောင့်ပဲလားတော့မသိ ကျွန်တော်သည် ကရင်ပြည်နယ်သို့ခရီးသွားသည့်အခါတိုင်း သံလွင်တံတား(ဘားအံ)နှင့် ဂျိုင်း(ကော့ကရိတ်)တံတားများကို ဖြတ်သည့်အခါတိုင်း ဆရာမင်းလူ၏ မြစ်ကူးချောင်းဖျားစာစုလေးကို အမြဲတမ်း သတိတရဖြစ်နေမိသည်။

**မေတ္တာလင်းမြိုင်ရွာကလေး**

မြဝတီမြို့မှထွက်၍ မယ်ထော်သလေး-ဖလူးကြီး-ဖလူးလေး-သေ့ဘောဘိုး-ဆုံဆည်းမြိုင်-ဝေါလေမြိုင်သို့ သွားသည့်အခါတိုင်း မေတ္တာလင်းမြိုင်ရွာကလေးဘေးမှ ဖြတ်၍သွားရသည်။ ထိုသို့ဖြတ်၍သွားတိုင်း နန်းမြို့ဆန်ဆန်ပြုလုပ်ထားသော ရွာအဝင်မုခ်ဦးတံခါးနှင့် ထိုရွာကလေးကို ကျွန်တော် အမြဲတမ်းငေး၍ကြည့်မိသည်။ ရွာထဲသို့ ဝင်ကြည့်ချင်စိတ်တွေ မကြာခဏပေါ်ခဲ့သည်။ အချိန်မရ၍ မသွားနိုင်ခဲ့။ ယခုတစ်ခေါက်တွင်မူ ရသည့်အချိန်ထဲမှဖဲ့၍ မေတ္တာလင်းမြိုင်ရွာသို့ အရောက်သွားခဲ့သည်။ ရွာကလေးဟု ကျွန်တော်ဆိုလိုက်သော်ငြား စင်စစ် အိမ်ခြေ ၃၀၀၀ ခန့်ရှိသော ရွာကြီးတစ်ရွာပင်တည်း။ မြိုင်ကြီးငူဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ ၂၀၀၇ ခုနှစ်တွင် ထိုရွာကို စတင်တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ တပည့်သာဝကလည်းဖြစ်၊ ကရင်ပြည်နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟအသင်းကြီး၏ ဥက္ကဋ္ဌလည်းဖြစ်၊ နယ်ခြားစောင့်တပ်ရင်း၏ တပ်မှူးလည်းဖြစ်သော ဗိုလ်မှူးစောမုတ်သိုလ်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ထားသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အများအပြား တွေ့မြင်ခဲ့ရ၏။ တစ်ရွာလုံးကို စနစ်တကျပေးဝေနေသော ရေပေးရေးစနစ်၊ ကောင်းမွန်သော ရွာတွင်းလမ်းများ၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားစေတီများ၊ နိုင်ငံခြားသားခရီးသွားများကိုပါ ဆွဲဆောင်နိုင်ရန် တည်ဆောက်ထားသည့် မြိုင်ဟေဝန်ဥယျာဉ်ခြံနှင့် စားသောက်ဆိုင်တန်းလေးများ၊ မြိုင်ဟေဝန်ဥယျာဉ်အတွင်း မြင်းစီး၍ လှည့်ပတ်ကြည့်ရှုနိုင်မည့် အစီအစဉ်၊ ရေကူးကန်ငယ်လေးတစ်ခု စသည်တို့အပါအဝင် သစ်တောသစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခုကို တွေ့မြင်သိရှိ ခံစားနိုင်မည်ဖြစ်သည်။

မေတ္တာလင်းမြိုင်ကျေးရွာနှင့် မလှမ်းမကမ်း မြေဧက ၃၅ ဧကပေါ်၌ အထည်ချုပ်စက်ရုံတစ်ရုံ တည်ဆောက်ထားပြီး ကျွမ်းကျင်လုပ်သား ၂၆၀ ဖြင့် လည်ပတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ တင်ပြထားဆဲဖြစ်ကြောင်း သိရှိရသည်။ ထိုစက်ရုံနေရာမှတစ်ဆင့် ဆက်လက်သွားရောက်လျှင် ဒေသအခေါ် ဂူတောင်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ဂူတောင်ပေါ်တွင်လည်း ဘုရားပုထိုးစေတီများကို တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ကျောက်စက်ပန်းဆွဲများနှင့် ဂူသေးသေးလေးတစ်ခုလည်းရှိနေသဖြင့် ဂူတောင်ဟုခေါ်ခြင်း ဖြစ်ပေလိမ့်မည်။ ယင်းဂူတောင်တစ်ဝိုက်၌ ရေထွက်များတည်ရှိနေပေရာ လေးကေ့ကော်မြို့သစ် ရေပေးဝေရေးအတွက် အကျိုးရှိစွာအသုံးချလျက်ရှိကြောင်း တွေ့ရသည်။ မြဝတီမြို့သို့ရေပေးနေသော လက်ခတ်တောင်နှင့်လည်း တောင်ကြောတစ်ကြောတည်းဖြစ်၏။

**တစ်ရွာလုံးကို စနစ်တကျပေးဝေနေသော ရေပေးရေးစနစ်၊ ကောင်းမွန်သော ရွာတွင်းလမ်းများ၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားစေတီများ၊ နိုင်ငံခြားသားခရီးသွားများကိုပါ ဆွဲဆောင်နိုင်ရန် တည်ဆောက်ထားသည့် မြိုင်ဟေဝန်ဥယျာဉ်ခြံနှင့် စားသောက်ဆိုင်တန်းလေးများ၊ မြိုင်ဟေဝန်ဥယျာဉ်အတွင်း မြင်းစီး၍ လှည့်ပတ်ကြည့်ရှုနိုင်မည့် အစီအစဉ်၊ ရေကူးကန်ငယ်လေးတစ်ခု စသည်တို့အပါအဝင် သစ်တောသစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခုကို တွေ့မြင်သိရှိ ခံစားနိုင်မည်ဖြစ်သည်။ မေတ္တာလင်းမြိုင်ရွာသူရွာသားများ၏ စိတ်ကူးစိတ်သန်းမှာ ၎င်းတို့ရွာမှ လက်ခတ်တောင်အထိ ကေဘယ်ကားလိုင်းဆွဲ၍ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရန်အထိ ရည်ရွယ်ထားကြောင်း သိလိုက်ရသည်**

မေတ္တာလင်းမြိုင်ရွာသူရွာသားများ၏ စိတ်ကူးစိတ်သန်းမှာ ၎င်းတို့ရွာမှ လက်ခတ်တောင်အထိ ကေဘယ်ကားလိုင်းဆွဲ၍ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရန်အထိ ရည်ရွယ်ထားကြောင်း သိလိုက်ရသည်။ အပေါ်မှနေ၍ နှစ်နိုင်ငံနယ်စပ်ဒေသ အလှအပများကို ကြည့်ရှုခံစားနိုင်မည်ဟုဆို၏။

**လေးကေ့ကော်မြို့သစ်**

ငြိမ်းချမ်းခြင်း၏အသီးအပွင့်(သို့မဟုတ်) အကျိုးရလဒ်တစ်ခုအဖြစ် သိသာထင်ရှားစွာ တွေ့မြင်နိုင်သော မြို့သစ်ကလေးတစ်မြို့ဖြစ်သည်။ မြဝတီမြို့နှင့် မဝေးလှ။ KNU တပ်ဖွဲ့ဝင်မိသားစုများ အခြေချနေထိုင်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နေအိမ် ၁၈၈ လုံး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က ၂၅ လုံး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က အလုံး ၅၀၊ ငြိမ်းချမ်းရေးအစီအစဉ်အရ နီပွန်ဖောင်ဒေးရှင်းက အလုံးရေ ၁၀၀၊ စုစုပေါင်း နေအိမ် ၃၆၃ လုံး တည်ဆောက်ပေးထားပြီးဖြစ်သည်။ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ထားပြီး အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများကိုလည်း ဆရာ ဆရာမများငှားရမ်း၍ ကိုယ့်အားကိုယ်ကိုး သင်ကြားပေးလျက်ရှိသည်။ ထိုင်းနယ်စပ်အနီးတည်ရှိနေသော မြို့ကလေးဖြစ်၍ ဒေသခံတိုင်းရင်းသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**ပြည်တော်ပြန်တိုင်းရင်းသားများကို လက်ခံကြိုဆို**

ပြီးခဲ့သည့် အောက်တိုဘာလ ၂၆ ရက်နေ့က ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးသော မြန်မာဒုက္ခသည် ၆၅ ဦးအား မြဝတီနယ်စပ်ဂိတ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်တို့မှ ဦးဆောင်၍ ပြန်လည်လွှဲပြောင်းလက်ခံရယူခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ယာယီစခန်းတွင် ခေတ္တစောင့်ရှောက်ထားပြီး ထိုမှတစ်ဆင့် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်းကောင်း၊ ကရင်ပြည်နယ်အတွင်း နေရပ်ဇာတိများသို့လည်းကောင်း၊ အချို့က လေးကေ့ကော်မြို့သစ်တွင်လည်းကောင်း သွားရောက်အခြေချ နေထိုင်ကြမည်ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် နိုင်ငံတွင်းမှ ထွက်ခွာသွားသည်ဖြစ်စေ ပြန်လည်ဝင်ရောက်လာပါက နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ သားသမီးများသဖွယ် မေတ္တာရှေ့ထား၍ လက်ခံစောင့်ရှောက်မည်သာဖြစ်သည်။ ဆက်လက်၍ နှစ်နိုင်ငံအချင်းချင်း ဒုက္ခသည်များပြန်လည်လွှဲပြောင်းပေးရေး အစီအစဉ်များ ရှိလာဦးမည်ဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ၎င်းတို့အတွက် နေရေးထိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဝိုင်းဝန်းကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပေသည်။ ။



မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းနံဘေးမှ လေးကေ့ကော်မြို့သစ်

## ကျေးရွာလေးရွာ၌ မီးလင်းရေးလုပ်ငန်းများ ဖွင့်ပွဲကျင်းပ

**ကျောက်တံခါး နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာအုပ်စုအတွင်းရှိ လေးအိမ်စုကျေးရွာ၊ နွားရေချောင်းကျေးရွာ၊ အလှိုင်ကျေးရွာနှင့် လက်ခံကျေးရွာအုပ်စုအတွင်းရှိ လက်ခံကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က ကျေးရွာ အသီးသီး၌ ကျင်းပခဲ့သည်။

လေးအိမ်စုကျေးရွာ မီးလင်းရေးဖွင့်ပွဲတွင် ကညင်ကျိုးကျေးရွာ မီးလင်းရေးကော်မတီ နာယက အလှူရှင် ဦးကျော်မြင့်၊ သာယာကုန်းလျှပ်စစ်ဓာတ်အားခွဲရုံမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အခြားကျေးရွာများတွင်လည်း အစီအစဉ်အတိုင်း ဆက်လက်ဖွင့်လှစ်ခဲ့သည်။

"ကျွန်တော်တို့ကျေးရွာအတွက် မင်္ဂလာရှိတဲ့နေ့လေးပေါ့။ မျှော်လင့်လို့မရခဲ့တဲ့ လျှပ်စစ်မီးက အခုဆို ရရှိလာခဲ့တယ်။ အလှူရှင်ဦးကျော်မြင့်မိသားစုကိုလည်း လေးရွာလုံးကိုမီးရရှိအောင် ကူညီလှူဒါန်းပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ မီးရရှိလာပြီဆိုတော့ ကျေးလက်နေပြည်သူ တောင်သူများရဲ့လူနေမှုအဆင့်အတန်း မြင့်မားလာတော့မှာပါ"ဟု အလှိုင်ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဌေးလှိုင်က ပြောသည်။

**ခင်ကို(ကျောက်တံခါး)**






## တရုတ်စူပါလိဂ်ကို ပြောင်းရွှေ့နိုင်တဲ့ ဂျွန်တယ်ရီ

ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီဟာ တရုတ်စူပါလိဂ် ကလပ်တစ်ခုကို ပြောင်းရွှေ့သွားနိုင်တယ်လို့ ဆိုပါတယ်။ ကွမ်ကျိုး အဲဗာဂရိတ်လို့ အမည်ရတဲ့ တရုတ်ကလပ်က ဂျွန်တယ်ရီကို အရခေါ်ယူဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ တယ်ရီဟာ တစ်ရာသီကို ပေါင်ရှစ်သန်းနဲ့ သွားရောက်ကစားဖွယ်ရှိပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နောက်တန်းကစားသမားကြီး ဂျွန်တယ်ရီဟာ နွေရာသီမှာ ချယ်လ်ဆီးနဲ့ သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ တယ်ရီဟာ ဘရာဇီးနည်းပြ စကိုလာရီကိုင်တွယ်တဲ့ ကွမ်ကျိုး အဲဗာဂရိတ်အသင်းရဲ့ သံတမန်တစ်ဦးလည်း ဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ တရုတ်ကလပ်ကို ပြောင်းရွှေ့ဖို့ သေချာနေပါတယ်။ စကိုလာရီဟာ ချယ်လ်ဆီးအသင်းရဲ့နည်းပြဟောင်းဖြစ်တဲ့အတွက် ဂျွန်တယ်ရီနဲ့ အဆက်အသွယ်ရှိနေသူပါ။ ဂျွန်တယ်ရီဟာ ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်တဲ့အတွက် အသင်းမှာ ပြန်လည်ကစားနေပြီဖြစ်ပါတယ်။ သို့သော်လည်း ရာသီအကုန်မှာတော့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်လို့ တရုတ်ကို ပြောင်းဖို့ သေချာနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



## ချန်ပီယံလိဂ် မျှော်လင့်ချက်ရှိနေသေးတယ်ဆိုတဲ့ စပါး

စပါးအသင်းအနေနဲ့ ဝင်ဘလေကွင်းမှာ လေဗာကူဆင်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့သော်လည်း ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ရှိနေသေးတယ်လို့ နည်းပြပိုချက်တီနိုက ဆိုပါတယ်။ စပါးအသင်းရဲ့ ဒီရှုံးနိမ့်မှုဟာ ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲမှာ ဒုတိယမြောက် ရှုံးနိမ့်မှုဖြစ်ပါတယ်။ စပါးအသင်းဟာ အုပ်စု E မှာ မိုနာကိုနဲ့ လေဗာကူဆင်တို့ရဲ့နောက်မှာ ရှိနေပါတယ်။ စပါးအသင်းအနေနဲ့ နောက်တစ်ဆင့်တက်ရေး အလွန်ကို စိုးရိမ်ရတဲ့ အနေအထားမှာ ရှိပါတယ်။ လက်ကျန်နှစ်ပွဲကတော့ ပြင်သစ်ကလပ်မိုနာကိုနဲ့ CSKA မော်စကိုအသင်းတွေနဲ့ ကစားရမှာဖြစ်ပါတယ်။ လေဗာကူဆင်အသင်းအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ သေချာနေသော်လည်း စပါးအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ အကြိတ်အနယ် ရုန်းကန်ကစားရဖို့ ရှိပါတယ်။ လက်ကျန်ပွဲ နှစ်ပွဲမှာ အနိုင်ကစားနိုင်ပါမှ စပါးအတွက် မျှော်လင့်ချက်ရှိနိုင်မှာပါ။

# အသင်းကြီးတွေအားလုံး နိုင်ပွဲကိုယ်စီ ရရှိနိုင်မယ့် ပရီမီယာလိဂ် ပွဲစဉ်(၁၁)




ပရီမီယာလိဂ်ပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၆ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ရဲ့ရလဒ်တွေကို စောင့်ကြည့်ရမှာဖြစ်ပြီး တန်းစီဇယား အပြောင်းအလဲဖြစ်သွားနိုင်မလားဆိုတာ စိတ်ဝင်စားစွာနဲ့ အကဲခတ်ရဦးမှာ ဖြစ်ပါတယ်။

**မန်စီးတီးနှင့် မစ်ဒယ်ဘရော့**

ဒီနှစ် ပရီမီယာလိဂ် ၁၀ ပွဲ ကစားပြီးချိန်မှာ ၁၅ ဂိုးသွင်းကာ တန်းစီဇယား ထိပ်ဆုံးနေရာက ဦးဆောင်နေဆဲဖြစ်တဲ့ မန်စီးတီးတို့ကို မစ်ဒယ်ဘရော့တို့ ခြေရည်တူကစားဖို့မလွယ်ပါဘူး။ မစ်ဒယ်ဘရော့ဟာ အိမ်ကွင်း ခြေစွမ်းကောင်းမွန်ပြီး နိုင်ပွဲရအောင် ကြိုးစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ အခုတလော ခြေစွမ်းအတက်အကျဖြစ်နေတဲ့ မန်စီးတီးဟာ အသင်းကို ပြင်ဆင်ပြီး အကောင်းဆုံး ကစားသမား အခင်းအကျင်းနဲ့ ပွဲထွက်လာမှာမို့ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရှာဖွေပါလိမ့်မယ်။ အကြိုက်က မန်စီးတီးတို့ပါပဲ။

**ဘန်လေနှင့် ပဲလေ့စ်**

မန်ယူကို ဂိုးမရှိသရေပွဲ ကစားနိုင်ခဲ့တဲ့ ဘန်လေတို့ စိတ်ဓာတ်တက်ကြွမှုတွေဖြစ်နေတာတော့ အမှန်ပါပဲ။ ပဲလေ့စ်ရဲ့ အားထုတ်မှုကတော့ အခုတလော ရှုံးပွဲတွေ ဆက်တိုက်ဖြစ်နေတာမို့ ဘန်လေကွင်းမှာ အခြေအနေကောင်းဖို့ မလွယ်ပါဘူး။ ဘန်လေဟာအသင်းလိုက် ဆင်း၊ တက်လုပ်နိုင်တဲ့ စွမ်းအားရှိပြီး အထူးသဖြင့် ဂိုးသမားကလည်း အမှားအယွင်းမရှိ လက်စွမ်းပြနိုင်နေတာကြောင့် ပဲလေ့စ်တို့ ကံကောင်းမှ တစ်မှတ်ရမယ့်ပွဲပါပဲ။

**ဘုန်းမောက်နှင့် ဆန်းဒါးလန်း**

အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အခက်တွေ့အောင် ကစားပြီး နိုင်ပွဲရအောင် ကြိုးစားနိုင်တဲ့ ဘုန်းမောက်တို့ဟာ ဆန်းဒါးလန်းကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ ဆန်းဒါးလန်းရဲ့ တိုက်စစ်ဟာ အားရစရာမရှိတဲ့အပြင် ခံစစ်ကလည်း ပြိုင်ဘက်တိုက်စစ်ကို ဟန့်တားနိုင်မှု အားနည်းတာမို့ အခုပွဲမှာ အိမ်ရှင် ဘုန်းမောက်တို့ပဲ နိုင်ပွဲယူပါလိမ့်မယ်။

**ဝက်စ်ဟမ်းနှင့် စတုတ်**

နိုင်ပွဲတွေ ဆက်တိုက်ရနေတဲ့ ဝက်စ်ဟမ်းတို့လည်း အဲဗာတန်ကို နှစ်ဂိုးပြတ်ရှုံးခဲ့တာမို့ နိုင်ပွဲပြန်ရဖို့ အခုပွဲမှာ အားထည့်ပါလိမ့်မယ်။ ချယ်လ်ဆီး၊ ဆန်းဒါးလန်း၊ ပဲလေ့စ်အသင်းတွေကို ဆက်တိုက်နိုင်ပွဲရယူထားခဲ့တဲ့ ဝက်စ်ဟမ်းကို စတုတ်တို့ဖြတ်ကျော်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် စတုတ်တို့ကလည်း နိုင်ပွဲတွေ ဆက်တိုက်ပြန်ရနေတာမို့ ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ချယ်လ်ဆီးနှင့် အဲဗာတန်**

ဆောက်သမ်တန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူထားတဲ့ ချယ်လ်ဆီးဟာ အခုပွဲ အိမ်ကွင်းမှာ အဲဗာတန်ကို ခက်ခဲစွာ ညှော်ခံရပါလိမ့်မယ်။ ရလဒ်မကောင်းခဲ့ရာက ဝက်စ်ဟမ်းနဲ့ ပွဲမှာ အနိုင်ပြန်ရလာတဲ့ အဲဗာတန်ရဲ့အားထုတ်မှုကလည်း အသိအမှတ်ပြုစရာဖြစ်တာမို့ အခုပွဲမှာ ချယ်လ်ဆီးတို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**အာဆင်နယ်နှင့် စပါး**

ဒီနှစ်သင်း တွေ့ဆုံမှုကတော့ ပွဲကြီးပွဲကောင်းပါပဲ။ စပါးက အခုတလော သရေပွဲတွေ ဆက်တိုက်ဖြစ်နေပြီး အမှတ်တွေ မစုဆောင်းနိုင်ဘဲ ဖြစ်နေပါတယ်။ အာဆင်နယ်တို့ကတော့ ရလဒ်ကောင်းတွေရယူပြီး ခြေစွမ်းကောင်းတွေ ပြသနိုင်နေပါတယ်။ အထူးသဖြင့် အသင်းလိုက်ရော စုဖွဲ့တိုက်စစ်ဆင်မှုမှာပါ အကောင်းဆုံးပုံစံရရှိနေသလို အိမ်ကွင်းလည်းဖြစ်တာမို့ အာဆင်နယ်တို့ သုံးမှတ်အပြည့်ရမယ့်ပွဲပါပဲ။

**လီဗာပူးနှင့် ဝက်ဖို့ဒ်**

လီဗာပူးတို့ နိုင်ပွဲတွေ ဆက်တိုက်ရရှိနေတာမို့ ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်နိုင်နေပါတယ်။ လီဗာပူးတို့ရဲ့ အားနည်းချက်က ခံစစ်ပိုင်းမှာ ရှိနေပြီး ပွဲတိုင်းဂိုးပေးနေရပါတယ်။ လီဗာပူးရဲ့ နေရာစုံထိုးဖောက်မှုက ဝက်ဖို့ဒ်နောက်တန်းကို အမှားအယွင်းဖြစ်ပေါ်စေမှာပါ။ ဒီပွဲမှာ လီဗာပူးတို့ အောင်ပွဲခံတေးကို ဟစ်ကြွေးပါလိမ့်မယ်။

**ဆွမ်ဆီးနှင့် မန်ယူ**

မန်ယူရဲ့ ခြေစွမ်းက မတည်ငြိမ်သလို အသင်းလိုက်ကစားအားလည်း ကျဆင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာ ဆုံးရှုံးမှုတွေများနေတတ်တာမို့ မန်ယူရဲ့ စွမ်းဆောင်မှုက အားရစရာမရှိပါဘူး။ ဆွမ်ဆီးတို့ကလည်း အခုတလော နောက်ဆုံးငါးပွဲမှာ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတာမို့ အခုပွဲမှာတော့ မန်ယူရဲ့ ပွဲလို့ သတ်မှတ်ရပါလိမ့်မယ်။ ။

❐ မိုးမြင့်လင်းလက် ❐




## လက်ကျန်နှစ်ပွဲမှာ တစ်မှတ်ရရုံနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်တော့မယ့် လက်စတာ

ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းဟာ ကိုပင်ဟေဂင်အသင်းနဲ့ ဂိုးမရှိသရေကျခဲ့ပြီးနောက် ချန်ပီယံလိဂ် ၁၆ သင်း ပြိုင်ပွဲသို့ တက်ရောက်ဖို့ အခြေအနေကောင်းနေပါတယ်။ ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းဟာ ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ နောက်ဆုံးလက်ကျန်နှစ်ပွဲမှာ ရမှတ်တစ်မှတ် ရယူသွားနိုင်မယ်ဆိုရင် ၁၆ သင်း ပြိုင်ပွဲကို တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ လက်စတာအသင်းရဲ့ သမိုင်းစံချိန်သစ်တင်မယ့်အနေအထားလည်း ဖြစ်ပါတယ်။ လက်စတာအသင်းဟာ ချန်ပီယံလိဂ်အုပ်စု G မှာ ပေါ်တို၊ ကိုပင်ဟေဂင်နဲ့ ကလပ်ဘရက်အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားနေတာဖြစ်ပါတယ်။

လက်စတာက လေးပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရမှတ် ၁၀ မှတ်ရရှိကာ အုပ်စုကို ဦးဆောင်နေပါတယ်။ လာမယ့် လက်ကျန်နှစ်ပွဲမှာ ရမှတ်တစ်မှတ် စုဆောင်းနိုင်မယ်ဆိုရင်ပဲ လက်စတာတို့ နောက်တစ်ဆင့် တက်လှမ်းနိုင်မှာဖြစ်တာကြောင့် လက်စတာရဲ့ လက်ရှိခြေစွမ်းပိုင်းအရ နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ရှိနေပြီဖြစ်ပါတယ်။

# ခွေးရူးပြန်ကာကွယ်ဆေးကို အရေပြားရှပ်ထိုးနည်းဖြင့် အသုံးများလာ

**နေပြည်တော် နိုဝင်ဘာ ၄**
ခွေးရူးပြန်ကာကွယ်ဆေးအများစုကို ယခုနောက်ပိုင်းတွင် အရေပြားရှပ်ထိုးနည်းဖြင့် ပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြကြောင်း နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ဆေးရုံမှ ဆေးပညာပါမောက္ခ ဒေါက်တာတင့်တင့်ကြည်ထံမှ သိရသည်။

"ကာကွယ်ဆေးထိုးရာမှာ မကိုက်မီနဲ့ ကိုက်ပြီးထိုးတာကို ဆိုလိုပါတယ်။ အခုနောက်ပိုင်း ကာကွယ်ဆေးအများစုကို အရေပြားရှပ်ထိုးနည်းနဲ့ ပိုပြီးတွင်တွင် ကျယ်ကျယ် သုံးလာကြပါတယ်"ဟု ဒေါက်တာတင့်တင့်ကြည်က ပြောကြားသည်။

နောက်ဆုံးလေ့လာတွေ့ရှိချက်အရ ခွေးများကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးခြင်းသည် လူများတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားနှုန်းကို လျော့စေခြင်းနှင့်အတူ ရောဂါဖြစ်ပွားမှုများသော ဒေသများတွင် ခွေးကိုက်မခံရမီကပင် လူများကို ကြိုတင်ကာကွယ်ဆေး သုံးကြိမ်ထိုးခြင်းဖြင့် ခွေးကိုက်ခံရသည့်အခါ နှစ်ကြိမ်သာထိုးရန်လိုပြီး ဈေးကြီးရှားပါးသော ဆေးရည်ကြည်ဖြစ်သည့် Immunoglobulin ဆေးကို ထိုးရန်မလိုတော့ကြောင်း သိရသည်။

ခွေးကိုက်ခံရသည့်အချိန်တွင် ကာကွယ်ဆေးမထိုးရသေးပါကလည်း အနာကို ကောင်းစွာသန့်ရှင်းစေခြင်း၊ ရေဆေးခြင်းများပြုလုပ်ပြီး ကာကွယ်ဆေးအညွှန်းအတိုင်း ထိုးပေးရန်နှင့် အနာသွေးထွက်ပါက(သို့)မျက်စိ၊ ပါးစပ်တို့နှင့် သွားရည် တိုက်ရိုက်ထိတွေ့ပါက ဆေးရည်ကြည် Immunoglobulin ကို သတ်မှတ်ရက်အတိုင်းထိုးပေးရန်လိုအပ်ကြောင်း ဒေါက်တာတင့်တင့်ကြည်ထံမှ သိရသည်။

ခွေးရူးပြန်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လုပ်ဆောင်သင့်သည်များနှင့်ပတ်သက်၍လည်း ဒေါက်တာတင့်တင့်ကြည်က "လုပ်လေ့ရှိတာက ခွေးကောင်ရေများပြီး ရောဂါမဖြစ်စေဖို့ ခွေးတွေကို အစာထဲအဆိပ်ထည့်ပြီး သေစေတဲ့နည်းကိုသုံးကြတာ တွေ့ရပါတယ်။ ရောဂါဖြစ်တဲ့ခွေးကိုလည်း အသေသတ်ပစ်လိုက်တာ များပါတယ်။ တကယ်တော့ ခွေးတွေဟာ လူ့အပေါ် အလွန်သစ္စာရှိ ယဉ်ပါးလွယ်တဲ့တိရစ္ဆာန်တွေပါ။ ရောဂါဖြစ်လို့သာ လူကိုကိုက်ကြတာပါ။ ဒါ့ကြောင့်အိမ်မွေးခွေးအပြင် လမ်းခွေးတွေကို တတ်နိုင်သလောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးပြီး စောင့်ရှောက်နိုင်ပါတယ်"ဟု အကြံပြုပြောကြားခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဓာတ်အားလိုင်းသစ်များသွယ်တန်းပြီး ထရန်စဖော်မာသစ်များ တပ်ဆင်လျက်ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်စေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးရေးအတွက် ဓာတ်အားလိုင်းအသစ်များ သွယ်တန်းခြင်းနှင့် ထရန်စဖော်မာအသစ် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့နယ်အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေ ကျပ် ၁၅၂ ဒသမ ၄၇ သန်း ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်ငန်း ၁၄ ခု ဆောင်ရွက်သွားမှာပါ။ လုပ်ငန်းတွေကတော့ ၁၁ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း ဝ ဒသမ ၃၆ မိုင်၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း ၁ ဒသမ ၈၁ မိုင်နဲ့ ထရန်စဖော်မာရှစ်လုံး တိုးချဲ့မှုလုပ်ငန်းတွေ ပါပါတယ်။ ဒါတွေပြီးသွားရင်တော့ မြို့နေလူထုအနေနဲ့ လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ရယူသုံးစွဲသွားနိုင်ကြမှာပါ"ဟု ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ချိုက ပြောသည်။



တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများနှင့် Franchaisce ကုမ္ပဏီဖြစ်သော Dragon Emperor Services ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများပူးပေါင်း၍ ကျောက်ပန်းတောင်းမြို့သီရိမင်္ဂလာရပ်ကွက် အရှေ့မြို့ပတ်လမ်း(မြို့ရှောင်လမ်း)တွင် ၁၁ကေဗွီ ဓာတ်အားလိုင်း ပေ ၁၀၀၀ သွယ်တန်းခြင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးတပ်ဆင်ခြင်းကို နိုဝင်ဘာ ၂ ရက်က အပြီးဆောင်ရွက်ခဲ့သည်။

လုပ်ငန်းများအားလုံးပြီးစီးပါက သီရိမင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရယူသုံးစွဲနိုင်ကြမည်ဖြစ်သည့်အပြင် မြို့မရပ်ကွက် တိုးချဲ့နယ်မြေများဖြစ်သော အမှတ်(၉)၊ အမှတ်(၁၀)နှင့် အမှတ်(၁၁)ရပ်ကွက်များမှ ပြည်သူများလည်း လျှပ်စစ်ဓာတ်အား သွယ်တန်းအသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# မသိုးသင်္ကန်းရက် ပူဇော်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၄**
မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက်တွင် တည်ထားကိုးကွယ်သည့် နဂါးရုံ မဟာဗောဓိ စေတီတော်၏ (၄၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပူဇော်ပွဲနှင့် ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နဂါးရုံ မဟာဗောဓိစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲတွင် ညောင်ပင်လှျို၊ ကက္ကူကန်၊ သရက်တန်းစသည့် ကျေးရွာများမှ မြန်မာ့ရိုးရာရက်ကန်းပညာရှင် အမျိုးသမီးအဖွဲ့များက နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီမှစတင်ကာ ရက်ကန်းစင်လေးစင်ဖြင့် ပြိုင်ရက်ပူဇော်ကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲမှရရှိသည့် မသိုးသင်္ကန်းများကို အလှုဆင်ပြီး နဂါးရုံ မဟာဗောဓိစေတီတော် လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တန်ဆောင်မုန်းလပြည့်နေ့ နံနက်တွင် နဂါးရုံ မဟာဗောဓိစေတီတော် ပညာဓိကတန်ဆောင်းအတွင်း ပင့်သံဃာအပါး ၁၀၀၀ ကျော်အား ဆွမ်းသပိတ် ၁၀၀၀ ကျော်ကို အလှူရှင်များက စုပေါင်းလောင်းလှူကြမည်ဖြစ်ကာ ဆွမ်းသပိတ် ဆက်ကပ်လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းလောင်းလှူလိုသူများအနေဖြင့် ဆွမ်းသပိတ်တစ်လုံးလျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် နဂါးရုံ မဟာဗောဓိစေတီတော် ဂေါပကအဖွဲ့ထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြစ်သားမြို့နယ်အတွင်း စမုံမြစ်ရေ ပြန်လျော့ကျလျက်ရှိ

**မြစ်သား နိုဝင်ဘာ ၄**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပြီးခဲ့သည့်ရက်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့သောကြောင့် စမုံမြစ်ရေလျှံရာမှ ကျေးရွာအုပ်စုများအတွင်း ရေဝင်ခဲ့ရာ နိုဝင်ဘာ ၂ ရက်မှစ၍ ရေများပြန်လျော့ကျလျက်ရှိပြီး မန္တလေး-မြင်းခြံ လမ်းဟောင်းပေါ် ရေကျော်ခဲ့သည့်နေရာတွင် ရေမရှိတော့သလို ဆင်ခြံတံတားသုံးစင်းနေရာတွင်လည်း ရေသုံးပေခန့်လျော့ကျ၍ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရေကြီးစဉ်က ရေဝင်ရောက်ခဲ့သောရွာများနှင့် အိမ်ခြေစာရင်းမှာ ကင်းစိန်ဈေးကျေးရွာအုပ်စုတွင် ၁၃ အိမ်၊ ပေါက်မြိုင်ကျေးရွာအုပ်စုတွင် ၈၂ အိမ်၊ နွားကူးလေးကျေးရွာအုပ်စုတွင် ၁၀၁ အိမ်၊ လောင်းတော်ဦးကျေးရွာအုပ်စုတွင် ၃၇ အိမ်၊ အင်းရင်းကျေးရွာအုပ်စုတွင် ၇၂ အိမ်၊ တမာပင်ကျေးရွာအုပ်စုတွင် ၂၅ အိမ်၊ စုစုပေါင်းနေအိမ် ၃၀၅ လုံးဖြစ်ကြောင်း၊ ပေါက်မြိုင်ကျေးရွာအုပ်စုတွင် ရေဝင်ရောက်မှု လယ်ကေအများဆုံးဖြစ်ရာ ဌာနဆိုင်ရာများက ထိခိုက်ပျက်စီးဆုံးရှုံးသည့် လယ်ကေစာရင်းကို လိုက်လံကောက်ယူလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# စာပေညီလာခံမှ အတွေ့အကြုံများ ပြန်လည်ရှင်းလင်း

**တနင်္သာရီ နိုဝင်ဘာ ၄**
မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဒုတိယအကြိမ်စာပေညီလာခံသို့ တက်ရောက်ခဲ့သည့် တနင်္သာရီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းစိုးဝင်း(တက္ကသိုလ်သန်းစိုးဝင်း)၏ စာပေညီလာခံမှ အတွေ့အကြုံများ ပြန်လည်ရှင်းလင်းပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ပြီး အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ပြင်ဆင်ဖြည့်ဆည်းရန် အချက်အလက်များ၊ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးမှူး၏အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းခဲ့သည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မန်ကျောင်းကျေးရွာအုပ်စု ဟဲပုကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူတစ်ဦးအား နိုဝင်ဘာ ၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းမင်း ဦးဆောင်သော ပူးပေါင်းအဖွဲ့က ဟဲပုကျေးရွာထိပ်၌ စောင့်ဆိုင်းနေစဉ် ကြူရှောကျေးရွာဘက်သို့ လမ်းလျှောက်လာသူ စိုင်းအိုက်စိုင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသော ဆေးပြား ၉၇ ပြားကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်၍ မူးယစ်ဆေးဝါးသုံးစွဲ/ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ စိုင်းအိုက်စိုင်း(၄၇ နှစ်)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### တာမွေမြို့နယ်တွင်မူးယစ်ဆေးဝါးဖမ်းဆီးရမိ

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ဈေးဟောင်းကားမှတ်တိုင်အနီး၌ မူးယစ်ဆေးဝါး သယ်ဆောင်လာသူတစ်ဦးအား နိုဝင်ဘာ ၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၄၃) ရန်ကုန်တောင်ပိုင်းမှ ရဲအုပ်နေခြည်လင်းနှင့်အဖွဲ့နှင့် တာမွေမြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ဇော်မင်းထိုက်နှင့်အဖွဲ့တို့ ပူးပေါင်း၍ သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းရှာဖွေစဉ် ပန်းဘဲတန်းမြို့နယ်နေ အောင်ပိုင်ဦး(ခ)အောင်ပိုင်(၃၃ နှစ်)ထံမှ ဘိန်းဖြူဟုယူဆရသည့် ဖြူ/ဝါ ရောင်အမှုန့် အလေးချိန် ၀ ဒသမ ၉ ဂရမ်ခန့်ပါတစ်ဘူးကို တွေ့ရှိရသဖြင့် တာမွေမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**လှလှ**

### ချဲထီလောင်းကစားသူအား ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဝဲကြီးကျေးရွာ၌ ချဲထီလောင်းကစားပြုနေသူအား နိုဝင်ဘာ ၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ထီးချိုင့်မြို့နယ် ကမ်းနီရဲကင်းစခန်းမှူး ရဲအုပ်ကျော်မျိုးမင်းနှင့်အဖွဲ့ဝင်များက သက်သေများနှင့်အတူ လောင်းကစားသတင်းအရ ဝဲကြီးကျေးရွာ လမ်းမပေါ်၌ စောင့်ဆိုင်းရှာဖွေရာ ကမ်းနီကျေးရွာနေ ဦးဖိုးနိုင်(၆၇ နှစ်)ထံမှ ချဲထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသော စာရွက်စာတမ်းများ၊ ဘောက်ချာများနှင့်အတူ ချဲထီရောင်းချရာမှရရှိသော ငွေစက္ကူရောရော ကျပ် ၁၀၀၅၀၀ ကို ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် ဦးဖိုးနိုင်အား ရဲအုပ်ကျော်မျိုးမင်းက တရားလိုပြုလုပ် အမှုဖွင့်ထားကြောင်း သိရသည်။
**လှုအောင်(ကသာ)**

### မြဝတီမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်လာသူတစ်ဦးအား အောက်တိုဘာ ၃၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မြဝတီခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်မျိုးကျော်ဦးစီးသောအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အမှတ်(၄)ရပ်ကွက် ယာဉ်စစ်ကွင်းဟောင်းအနီး စောင့်ဆိုင်းနေစဉ် ချစ်ကြည်ရေးလမ်းအတိုင်း သဃ်န်းညီနောင်ဘက်မှ မြဝတီဘက်သို့ လမ်းလျှောက်လာသူ မျိုးဇော်ထွန်း(ခ)မောင်ပိန်(၃၀ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၇ ပြား (အလေးချိန် ၆၈ ဒသမ ၁၃ ဂရမ်) တန်ဖိုးကျပ် ၂၃သိန်းနီးပါးကို ရှာဖွေ တွေ့ရှိသဖြင့် မျိုးဇော်ထွန်း(ခ)မောင်ပိန်အား မြဝတီမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# စက်ရေတွင်းတူးဖော်ပေးရန် ကွင်းဆင်းတိုင်းတာမှုများပြုလုပ်

**ဝါးခယ်မ နိုဝင်ဘာ ၄**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွာသစ်ရပ်ကွက်ရှိ ဒေသခံပြည်သူများ သောက်သုံးရေရရှိရန်အတွက် စက်ရေတွင်းတူးဖော်ပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၂ ရက်က ကွင်းဆင်းတိုင်းတာမှု ပြုလုပ်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ ဘူမိရူပတိုင်းတာရေးအဖွဲ့နှင့် တိုင်းဒေသကြီးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်၊ ခရိုင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းနှင့်အဖွဲ့ ရွာသစ်ရပ်ကွက်အတွင်းရှိပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ပေးနိုင်ရန် လုပ်ငန်း ဆောင်ရွက်မည့် ရွာသစ်ရပ်ကွက် ခိုင်ရွှေဝါလမ်းနှင့် ယမုံသီတာလမ်းတို့တွင် မြေအောက်ရေကြောအခြေအနေကို ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။
**လှမ်းသီဟ(ဝါးခယ်မ)**

# ကျောင်းသားမိဘများ ကစားစရာတီထွင်ဖန်တီးမှုပြိုင်ပွဲကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၄**
အုတ်တွင်းမြို့နယ် ခင်တန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ KG တန်းကျောင်းသားမိဘများ ကစားစရာတီထွင်ဖန်တီးမှုပြိုင်ပွဲနှင့် အသက်အလိုက် ကျောင်းသားကျောင်းသူများ ပုံပြောပြိုင်ပွဲများကို အောက်တိုဘာနောက်ဆုံးပတ်အတွင်းက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများကို ကလေးများ တီထွင်ဖန်တီးလိုစိတ်ဖြစ်လာစေရန်နှင့် စာဖတ်သည့်အလေ့အထ ဖြစ်လာစေရန်ရည်ရွယ်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုချိုဟန်က ဦးဆောင်ပြီး Save the Children အဖွဲ့၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေခရီးသွားလုပ်ငန်း အောင်မြင်လာတော့မည်

**မြိတ် နိုဝင်ဘာ ၄**

မြိတ်ဒေသတွင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အပန်းပြေစေရန် ရေမြေတောတောင်ကျွန်းများနှင့် ဂေဟစနစ်မပျက်စီးသေးသည့် သန္တာကျောက်တန်းများ၏ သဘာဝအလှများကို ကြည့်ရှုခံစားနိုင်စေရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများစုဖွဲ့၍ ကမ်းခြေအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်းစသည့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကမ်းခြေ အခြေပြုခရီးသွားလုပ်ငန်းကို မြိတ်မြို့မှ ရေမိုင် ၃၃ မိုင်အကွာအဝေးတွင်ရှိသော ဒုံးဒဟွန်းကျွန်းကမ်းခြေနှင့် မြိတ်မြို့မှ ရေမိုင် ၄၀ အကွာအဝေးတွင်ရှိသော သဲလက်တန်းကျွန်း နှစ်ဖက်လှကမ်းခြေကို ခရီးသွားဇုန်အဖြစ်သတ်မှတ်ပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများစုဖွဲ့၍ သက်ဆိုင်ရာဌာနများသို့ အဆိုပြုတင်ပြထားရာ အောက်တိုဘာ ၂၉ ရက်က မြိတ်ခရိုင်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းလေ့လာခဲ့ကြသည်။

ကမ်းခြေအခြေပြုမည့် ဒုံးဒဟွန်းကျွန်းနှင့် သဲလက်တန်း(နှစ်ဖက်လှ)ကျွန်းကမ်းခြေတို့တွင် ခရီးသွားရေယာဉ်ဆိုက်ကပ်နိုင်ရန် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ရေး၊ ကျွန်းကမ်းခြေအခြေပြု၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ အဏ္ဏဝါခရီးသွားလုပ်ငန်းနှင့် Bike Tour နှင့် Trekking tour ဆောင်ရွက်နိုင်ပြီး ကရင်၊ ဗမာ၊ ဆလုံ လူမျိုးစုပေါင်းနေထိုင်ကြသည့် ဒုံးကျွန်းပေါ်ရှိ ဒုံးဒဟွန်းရွာ၊ ဒုံးကမာချောင်းရွာ၊ ဒုံးညောင်မှိုင်းရွာများကို ကွင်းဆင်းလေ့လာခဲ့၍ ယင်းကမ်းခြေကိုအခြေပြုကာ ဆက်စပ်လျက်ရှိသော ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်သည့် ဒုံးရေတံခွန်၊ နတ်သမီးရေတွင်းကျွန်း၊ စမတ်(ပါပဲ့)ကျွန်းများကို ကော်မတီမှ လေ့လာခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ကျွန်းများနှင့် ဂေဟစနစ်မပျက်စီးသေးသည့် သန္တာကျောက်တန်းများ၏ သဘာဝအလှများကိုလေ့လာရန် ဒေသခံ လုပ်ငန်းရှင် ၂၀ စုဖွဲ့ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းဦးက ပြောသည်။ အဆိုပါ ကျွန်းများတွင် ခရီးသွား ဇုန်အဖြစ်သတ်မှတ်ပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လာပါက ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပြီး မြို့ရွာကျွန်းပေါ် မခွဲခြားဘဲ လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့လာခြင်းစသော အကျိုးကျေးဇူးများရရှိလာကာ လူနေမှုဘဝမြင့်မားလာပြီး အလုပ်အကိုင်သစ်များ ရရှိလာ၍ တစ်ဦးချင်းဝင်ငွေများတိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ထက်)**

## အမ်းမြို့ပေါ်၌ ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်

**အမ်း နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးရုံး ပြည်နယ်မှူး ဦးကြီးဇေယျ၏ လမ်းညွှန်မှုဖြင့် အမ်းမြို့နယ် လျှပ်စစ်မှူး ဦးစိုးလှိုင်နှင့်ဝန်ထမ်းများက အမ်းမြို့နှင့် ၂၈ မိုင်ကွာဝေးသော တပ်တောင်မြို့ ၃၃ ကေဗွီဓာတ်အားလိုင်း တည်ဆောက်လျက်ရှိရာ လုပ်ငန်း ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ တပ်တောင်မြို့၌ အိမ်ခြေ ၂၀၀၀ ခန့်ရှိ၍ ဓာတ်အားလိုင်း ပိုမိုပြည့်ဝစွာရရှိ နိုင်ရေးအတွက် ထပ်မံပြီး ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲစက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု အောက်တိုဘာ ၃၁ ရက်က အမ်းမြို့လျှပ်စစ်မှူးထံမှ သိရသည်။

ဆက်လက်ပြီး အမ်းမြို့ပေါ်ရှိ ရပ်ကွက် ငါးခုတွင် လျှပ်စစ်အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များနှင့် လူစည်ကားသော လမ်းဆုံလမ်းခွများ၌ မြေစိုက်ပိုစတာများစိုက်ထူပေးကာ ဓာတ်အားအပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၅၇)


ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏
လစဉ်မပျက်ကျင်းပမြဲ (၁၁၆)ကြိမ်မြောက် (၁၀)ရက်တရားစခန်းပွဲ နှင့်
နှစ်စဉ်ကျင်းပမြဲ ဘုံကထိန် အလှူတော်မင်္ဂလာ

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးနဝရတ်လမ်း၊(၉)ရပ်ကွက်၊သာကေတမြို့နယ်၌ ဘုန်းဘုန်းကြီးအဒ္ဓန္တဝီစာရမှ(၁၃. ၁၁. ၂၀၁၆)မှ(၂၃. ၁၁. ၂၀၁၆)အထိကျင်းပပြုလုပ်မည့် လစဉ်မပျက်ကျင်းပမြဲ(၁၀)ရက်တရားစခန်းပွဲတွင်ယောဂီ(၂၅၀)ဦးမျှသာလက်ခံမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသော သူတော်စင်များ (၁. ၁၁. ၂၀၁၆)ရက်နေ့မှစတင်ပြီး ကိုယ်တိုင်ကြွရောက်စာရင်း ပေးသွင်းနိုင်ပါသည်။
